


ပင်းပက်တောင် ခေါ် ထင်းရှူးတောင်သည် ပြည်တွင်းစစ်မီးကြောင့် အတိဒုက္ခခံစားနေကြရသည့် မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ် တောင်ပိုင်းတွင် တည်ရှိပြီး၊ ယခုအခါ မြန်မာနိုင်ငံ ဒုတိယအကြီးဆုံး သံရိုင်းသိုက်ကြီးကို တူးဖော်ထုတ်လုပ်ရန် ပြင်ဆင် ဆောင်ရွက်နေသည့် နေရာဖြစ်သည်။ ရုရှားနှင့် မြန်မာကုမ္ပဏီများက ဆောင်ရွက်နေသည့် ဆောက်လုပ်ရေး လုပ်ငန်းခွင်တွင် ပုံမှန်အခြေအနေနှင့် မတူဘဲ လုံခြုံရေးများ တိုးချဲ့ချထားလာခြင်းကြောင့် ၎င်းတောင်တွင် ယူရေနီယံ ထွက်ရှိသည်ဟု ခန့်မှန်း ပြောဆိုမှုများလည်း ရှိနေသည်။ ဤအချက်ကြောင့် ဒေသခံပြည်သူများတွင် ပို၍စိုးရိမ်ဖွယ် ဖြစ်လာနေရသည်။ အကြောင်းမှာ ယခုတည်ဆောက်ရေးလုပ်ငန်းများနှင့်ပင် သူတို့၏ လယ်ယာမြေများ၊ သစ်တောများ ဆုံးရှုံးနေကြရပြီး ဖြစ်သည်။ ယခုတိုင် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ စတင်နိုင်ခြင်း မရှိသေးပါ။ ယခုစီမံကိန်းကို ရပ်ဆိုင်းမည်ဆိုပါက အချိန်ရှိနေသေးပြီး၊ ဤတောတောင်၏ သဘာဝပတ်ဝန်းကျင်များ ထာဝရ ပျက်စီးဆုံးရှုံးရခြင်း မဖြစ်ခင် ဆိုးကျိုးသက်ရောက်နိုင်မှုများကို သေချာ အကဲဖြတ်စစ်ဆေးသင့်ပါသည်။ ဤတောတောင်များသည် လူပေါင်း ၇၀၀၀ ကျော် အခြေချနေထိုင်ရာ အိုးအိမ်လည်း ဖြစ်သောကြောင့် ဖြစ်ပါသည်။


**Pa-O Youth Organization (PYO)**

pyohq@yahoo.com


# အနာဂတ်ကို လုယူဖျက်ဆီးခြင်း



## ရုရှားနိုင်ငံမှ ပံ့ပိုးထားသည့် သတ္တုတွင်းစီမံကိန်းများက ရှမ်းပြည်နယ်ရှိ ပအိုဝ်းပြည်သူများ ရပ်တည် ရှင်သန်ရေးကို ခြိမ်းခြောက်နေခြင်း။




ပအိုဝ်းလူငယ်အစည်းအရုံး (PYO)

ဖွန်လ ၂၀၀၉

# အနာဂါတ်ကို လုယူဖျက်ဆီးခြင်း

## ရုရှားနိုင်ငံမှ ပံ့ပိုးထားသည့် သတ္တုမိုင်းစီမံကိန်းများက ရှမ်းပြည်နယ်ရှိ ပအိုဝ်းပြည်သူများ ရပ်တည်ရှင်သန်ရေးကို ခြိမ်းခြောက်နေခြင်း။

ပအိုဝ်းလူငယ်အစည်းအရုံး မှ
၂၀၀၉ ခုနှစ်၊ ဇွန်လတွင် ထုတ်ဝေသည်။
ဆက်သွယ်ရန်။ pyohq@yahoo.com

## ပအိုဝ်းလူငယ်အစည်းအရုံး (PYO)

ပအိုဝ်းလူငယ်အစည်းအရုံး (PYO) သည် ၁၉၉၈ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံ၊ ပအိုဝ်းဒေသ အသီးသီးရှိ ရဟန်း သံဃာများ၊ အမျိုးသမီးများ၊ လူငယ်များနှင့် ဖွဲ့စည်းခဲ့ပါသည်။ ပအိုဝ်းလူငယ်အစည်းအရုံး (PYO)သည် မြန်မာနိုင်ငံ ကျောင်းသားလူငယ်များ ကွန်ဂရက် (SYCB) နှင့် တိုင်းရင်းသား လူငယ်များဆုံရပ်အဖွဲ့ (NY Forum) တို့၏ အဖွဲ့ဝင် အဖွဲ့အစည်း တခုလည်း ဖြစ်ပါသည်။ ၎င်းသည် အကြမ်းမဖက်ရေးလမ်းစဉ်ကို ကိုင်စွဲသည့် သီးခြားလွတ်လပ်သော လူငယ်အဖွဲ့အစည်းတခု ဖြစ်ပြီး၊ မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေး၊ တရားမျှတရေး၊ ဒီမိုကရေစီ အခွင့်အရေးများအတွက် လှုပ်ရှားဆောင်ရွက်နေပါ သည်။

## ပအိုဝ်းလူငယ်အစည်းအရုံး (PYO) ၏ ဦးတည်ချက်များမှာ–

(၁) ငြိမ်းချမ်းရေးနှင့် တရားမျှတရေးမူများကို အခြေခံသည့် လူ့ဘောင်သစ်တရပ် ပေါ်ထွန်းလာစေရန်။

(၂) ပအိုဝ်းလူငယ်များကို အရည်အသွေးစွမ်းအားမြှင့်တင်ပေးရန်၊ ပအိုဝ်းပြည်သူများအကြား ပို၍ စည်းလုံးညီညွတ်မှု ရှိလာစေရန်နှင့် လူငယ်မျိုးဆက်များကို အနာဂတ်ခေါင်းဆောင်များ ဖြစ်လာစေရေးအတွက် ပျိုးထောင်ပေးရန်။

## ပအိုဝ်းလူငယ်အစည်းအရုံး (PYO) ၏ အဓိက ရည်ရွယ်ချက်များမှာ–

(၁) ပအိုဝ်းလူမျိုးများ၏ စာပေနှင့် ယဉ်ကျေးမှုကို မြှင့်တင်ရန်။

(၂) ပအိုဝ်းဒေသရှိ လူငယ်ထုများသည် ကိုယ်ပိုင်အရည်အသွေးဖြင့် ဖန်တီးနိုင်မှုစွမ်းအား ပိုမိုမြင့်မားလာစေရန်။

(၃) ပအိုဝ်းဒေသရှိ ပြည်သူများသည် လူ့အခွင့်အရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး ပညာရပ်များကို ပိုမိုသိရှိလာစေရန်။

(၄) တန်းတူညီမျှ၍ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော ဖက်ဒရယ်ပြည်ထောင်စုကို မြန်မာနိုင်ငံတွင် တည်ဆောက်နိုင်ရန် တို့ဖြစ်ပါသည်။

ယခု အစီရင်ခံစာအတွက် ရန်ပုံငွေပံ့ပိုးကြသူများ

- ဒယ်နီရယ် ကလာ့ခ် အမှတ်တရ ရန်ပုံငွေအဖွဲ့ (Daniel Clark Memorial Fund-- DCMF)
- မြန်မာနိုင်ငံ ကူညီထောက်ပံ့ရေးအဖွဲ့ (Burma Relief Center --BRC)
- မဲခေါင် သင်တန်းဆင်းများ၏ အစီအစဉ် (ERI- Mekong Alumni Program)

ရှေ့မျက်နှာဖုံး။ ။ (အထက်) ပင်းပက်တောင်နှင့် ပတ်ဝန်းကျင်ဒေသရှုခင်း (၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ)
(အောက်) ဆောက်လုပ်ဆဲ ပင်းပက်သံရည်ကြိုစက်ရုံ (၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ)

နောက်ကျောဖုံး။ ။ စပါးရိတ်သိမ်းပြီး လယ်သမားများ စပါးလှေ့နေကြစဉ်။ (၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလတွင် ရိုက်ကူးသည်။)

# မာတိကာ


မြန်မာနိုင်ငံ မြေပုံနှင့် စီမံကိန်းဒေသ မြေပုံ

အစီရင်ခံစာ အကျဉ်းချုပ် ———————— ၁

နိဒါန်း ———————— ၄

ဆောင်ရွက်သော နည်းစနစ် ———————— ၆

**အပိုင်း (၁)။ စီမံကိန်းများအကြောင်း**

အထွေထွေ နောက်ခံသမိုင်း ———————— ၇

သတ္တုတွင်း တူးဖော်ခြင်းဆိုင်ရာ သမိုင်း ———————— ၈

ဒေသခံ ပြည်သူများ အခြေအနေနှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ ———————— ၉

စီမံကိန်း၏ မြေပုံ ———————— ၁၁

စီမံကိန်း၏ ကဏ္ဍများ ———————— ၁၂

ပင်းပက် သတ္တုမိုင်း ———————— ၁၂

ပင်းပက် သံရိုင်းစက်ရုံ ———————— ၁၃

ပင်းပက် ဘိလပ်မြေစက်ရုံ ———————— ၁၈

ယူရေနီယံ ထုတ်ယူမည်ဟု သံသယရှိဖွယ် အခြေအနေများ ———————— ၁၉

စီမံကိန်းဒေသ၌ မြန်မာစစ်တပ်တိုးချဲ့ချထားမှုများ ———————— ၂၀

ပါဝင်ပတ်သက်သော ကုမ္ပဏီများ ———————— ၂၁

**အပိုင်း (၂)။ ဒေသခံပြည်သူများအပေါ် ဆိုးကျိုးသက်ရောက်မှုများ**

ဤဓမ္မပြောင်းရွှေ့နေရာချထားခြင်းနှင့် အိုးအိမ်မဲ့ရမှုများ ———————— ၂၅

မြေယာများ သိမ်းဆည်းခြင်းနှင့် ပိုင်ဆိုင်မှု ပစ္စည်းများ ဖျက်ဆီးခံရခြင်း ———————— ၂၇

သက်မွေးဝမ်းကြောင်း လုပ်ငန်းများ ဆုံးရှုံးရခြင်း ———————— ၃၂

ခရီးသွားလာခွင့် ကန့်သတ်မှုများ ———————— ၃၄

အမျိုးသမီးများ အန္တရာယ်မကင်း ဖြစ်လာရခြင်း ———————— ၃၅

စားနပ်ရိက္ခာလုံခြုံရေးနှင့် လောင်စာ မလုံလောက်မှုများ ———————— ၃၆

ယဉ်ကျေးမှုများ ဖျက်ဆီးခံရခြင်း ———————— ၃၈

သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးရမှုများ ———————— ၄၀

ရပ်ရွာမှ တင်ပြချက်များကို လျစ်လျူရှုထားခြင်း ———————— ၄၄

နိဂုံးနှင့် အကြံပြုချက်များ ———————— ၄၆

နောက်ဆက်တွဲများ ———————— ၅၂

# မြန်မာနိုင်ငံ မြေပုံ


ကချင်ပြည်နယ်
စစ်ကိုင်းတိုင်း
ရှမ်းပြည်နယ်
ချင်းပြည်နယ်
ပင်းပက်တောင် သံသတ္တုတွင်း
မန္တလေးတိုင်း
မကွေးတိုင်း
ရခိုင်ပြည်နယ်
ကယားပြည်နယ်
ပဲခူးတိုင်း
ဧရာဝတီတိုင်း
ရန်ကုန်တိုင်း
ကရင်ပြည်နယ်
မွန်ပြည်နယ်
တနင်္သာရီတိုင်း

## အစီရင်ခံစာ အကျဉ်းချုပ်

ပင်းပက်တောင် ခေါ် ထင်းရှူးတောင်သည် ပြည်တွင်းစစ်မီးကြောင့် အတိဒုက္ခခံစားနေကြရသည့် မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်တောင်ပိုင်းတွင် တည်ရှိပြီး၊ ယခုအခါ မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံး သံရိုင်းသိုက်ကြီးကို တူးဖော်ထုတ်လုပ်ရန် ပြင်ဆင်ဆောင်ရွက်နေသည့် နေရာဖြစ်ရာ၊ ၎င်းဒေသရှိ လူအများ၏ ဘဝများကို လုံးဝပြောင်းလဲသွားစေတော့မည် ဖြစ်သည်။ အကယ်၍ ဤစီမံကိန်းကို မရပ်ဆိုင်းဘဲ ဆက်လက်လုပ်ဆောင်မည်ဆိုပါက ပအိုဝ်းပြည်သူအများစု နေထိုင်သော လူပေါင်း ၇,၀၀၀ ကျော် အခြေချနေထိုင်ရာ အိုးအိမ်များလည်း ထာဝရ ဖျက်ဆီးခံရတော့မည် ဖြစ်ပါသည်။

၂၀၀၄ ခုနှစ်မှ စတင်၍ ရုရှားနှင့် မြန်မာကုမ္ပဏီများသည် ၎င်းသတ္တုသိုက်ကို တူးဖော်ရန် ပြင်ဆင်နေခဲ့ကြပါသည်။ ယခုအခါ သံရိုင်းသန့်စင်စက်ရုံတခုနှင့် ဘိလပ်မြေစက်ရုံတခုကို စုစုပေါင်း မြေဧက ၁၁,၀၀၀ ပေါ်တွင် စတင်တည်ဆောက်နေကြပြီ ဖြစ်သည်။ ယင်းစီမံကိန်းတွင် အီတလီနိုင်ငံမှ ကုမ္ပဏီများလည်း ပါဝင်ပတ်သက်မှုရှိသည်ဟုလည်း ယူဆရပါသည်။

၁၉၉၁ ခုနှစ်မှ စတင်၍ ဤဒေသတွင် တိုင်းရင်းသားလက်နက်ကိုင် အင်အားစုများနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ရယူနိုင်ခဲ့ကြသော်လည်း မြန်မာစစ်တပ်က တပ်ရင်း ၃–ခုကို ထပ်မံတည်ဆောက် ချထားခဲ့ပြီး၊ တောင်ကြီးနှင့် ဟိုပုန်းမြို့ အနီးတဝိုက်တွင် စစ်တပ်နှင့် သက်ဆိုင်သည့် တက္ကသိုလ် ၂–ခုကိုလည်း တည်ဆောက်ခဲ့ပါသည်။ မကြာသေးခင်၌ သတ္တုတူးဖော်မည့်စီမံကိန်းဒေသ၏ တောင်ဘက်တွင် တိုက်ပွဲဖြစ်ပွားခဲ့မှုကြောင့် မြန်မာစစ်တပ်မှ များစွာသောရွာသားများကို ဖမ်းဆီးနှိပ်စက် သတ်ဖြတ်ခဲ့သည်။

ဤစီမံကိန်းများကြောင့် လူပေါင်း ၇,၀၀၀ ကျော်နေထိုင်သည့် ကျေးရွာ ၂၅–ခုသည်လည်း ၎င်းတို့၏ နေအိမ်များနှင့် လယ်ယာမြေမှ ထာဝရဖယ်ရှားပေးရလိမ့်မည်ဖြစ်သည်။ နောက်ထပ် တောင်၏အရှေ့ဖက်ခြမ်းရှိ တဖက်ချောင်း ရေထွက်ဒေသများကို မှီခိုနေထိုင်ကြသည့် ပြည်သူပေါင်း ၃၅,၀၀၀ ခန့်ရှိသည်။

လူပေါင်း ၅၀ ခန့်ကို အတင်းအဓမ္မ ရွှေ့ပြောင်းခြင်းခံခဲ့ရပြီး၊ လုံလောက်သော လျော်ကြေးများလည်း ပေးဆောင်ခဲ့ခြင်း မရှိပါ။ သက်မွေးဝမ်းကြောင်းမှုအတွက် အရေးပါလှသော စိုက်ပျိုးမြေများကို သိမ်းယူခြင်းများလည်း ဖြစ်ပေါ်နေပြီ ဖြစ်သည်။ အိမ်ထောင်စုပေါင်း ၁၀၀ ခန့်မှာ သူတို့အဓိက ရှင်သန်ရေးအတွက် မှီခိုနေကြရသည့် လုပ်ငန်းများလည်း မရှိဘဲ ဖြစ်ကုန်ကြသည်။ အဓိကလမ်းမများကို ပိတ်ဆို့လိုက်သောကြောင့် ခရီးသွားလာရေး အကန့်အသတ်များ ရှိလာပြီး၊ ရွာသားများကိုလည်း တောထဲ၌ ထင်းရှာရန်၊ အစားအစာ ရှာဖွေရန်၊ အိမ်အမိုးအတွက် ဖက်များ ရှာဖွေရန်ကိစ္စများ ချုပ်ချယ်ကန့်သတ်ခံနေရပြီ ဖြစ်သည်။

ယခုစီမံကိန်းအရ ပင်းပက်တောင် တခုလုံးကို တူးဖော်ထုတ်လုပ်ကြမည် ဖြစ်သည်။ သို့ဖြစ်ရာ မြေမျက်နှာသွင်ပြင်နှင့် ဤဒေသ၏ သဘာဝပတ်ဝန်းကျင်လည်း လုံးဝပြောင်းလဲသွားရတော့မည် ဖြစ်ပါသည်။ မိုင်းမှ စွန့်ပစ်လာသည့် အညစ်အကြေးများ၊ မြေတူးရာမှ ဖြစ်လာသည့် မြေဆီတိုက်စားမှုများကြောင့် ဟိုပုန်းလွင်ပြင်သေဒမှ ရေအရင်းအမြစ်များအတွက်လည်း ခြိမ်းခြောက်မှု ကြုံရဖွယ် ရှိပါသည်။ မိုင်းများခွဲရာမှ ဖြစ်လာသော တုန်ခါမှုကြောင့် ရှေးဟောင်းဘုရားစေတီများလည်း ကွဲအက်ခဲ့ရပြီး၊ နောက်ပိုင်းဆက်လက်တည်ဆောက်မည့် လုပ်ငန်းများနှင့် သတ္တုတွင်း တူးဖော်ရေးလုပ်ငန်းများကြောင့် ဖြိုဖျက်ခံရဖွယ်လည်း ရှိနေပါသည်။

ဤစီမံကိန်း အစီအစဉ်နှင့် ပတ်သက်၍ ဒေသခံပြည်သူများနှင့် တိုင်ပင်အကြံဉာဏ် ရယူခဲ့ခြင်း၊ သဘောဆန္ဒတောင်းခံခဲ့ခြင်း အလျဉ်းမရှိပါ။ မြေယာများ သိမ်းဆည်းခံရမှုကြောင့် ရပ်ရွာအာဏာပိုင်များထံ တိုင်ကြားမှုများ၊ လျော်ကြေးမရသောကြောင့် တိုင်ကြားမှုများကိုလည်း အရေးတယူ ဖြေရှင်းပေးခြင်း မရှိပါ။ ဖြစ်လာနိုင်သည့် အကျိုးဆက်များအပေါ် အကဲဖြတ်စစ်ဆေးခြင်း မရှိသကဲ့သို့ အစိုးရနှင့် သတ္တုတွင်း အာဏာပိုင်များက လက်နက်ကိုင် တပ်ဖွဲ့များ၊ ဒေသရှိ လက်နက်ကိုင်ပြည်သူ့စစ် တပ်ဖွဲ့များကိုသုံး၍ မိသားစုများကို အဓမ္မပြောင်းရွှေ့နေရာချထားခြင်း၊ မြေယာသိမ်းပိုက်ခြင်း၊ ခရီးသွားလာခွင့်များ ကန့်သတ်ခြင်းတို့ကို အတင်းအကျပ် လုပ်ဆောင်နေပြီး၊ ဒေသခံပြည်သူများကိုလည်း ခြိမ်းခြောက်လျှက် ရှိနေပါသည်။

သတင်းအချက်အလက်များ မသိကြရသည့်အပြင် ယခုသတ္တုမိုင်းသည် သံရိုင်းသိုက်နှင့် ထုံးကျောက်များ တူးဖော်ထုတ်ယူရန်သာ မဟုတ်၊ ယူရေနီယံဒြပ်စင် တူးဖော်ရန်နှင့် ထုတ်လုပ်ရန်အတွက်ဟူ၍ ခန့်မှန်းပြောဆိုမှုများလည်း ဖြစ်ပေါ်နေပါသည်။ ၂၀၀၇ ခုနှစ်က မြန်မာစစ်အစိုးရက ရုရှားနိုင်ငံ အကူအညီဖြင့် အဏုမြူသန့်စင်စက်ရုံတခု နိုင်ငံအတွင်း တည်ဆောက်မည်ဟူသော သတင်းများလည်း ထွက်ပေါ်ခဲ့ရာ ပြည်သူများမှာ ပို၍ စိုးရိမ်စိတ်ကြီးနေကြရပါသည်။

ဤစီမံကိန်းများတွင် ပါဝင်ပတ်သက်ကြသော ကုမ္ပဏီများက လုပ်ငန်းများ ချက်ချင်းရပ်ဆိုင်း၍ ဤစီမံကိန်း၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်နစ်နာပျက်စီးဖွယ် အကြောင်းများ၊ လူမှုရေး ဆိုးကျိုးသက်ရောက်နိုင်မှုများကို စနစ်တကျနှင့် ပွင့်လင်းမြင်သာမှုရှိစွာ အကဲဖြတ် စစ်ဆေးချက်များ ပထမဦးဆုံး ပြုလုပ်သင့်ပါသည်။ အိုးအိမ်၊ မြေယာများ ဆုံးရှုံးခဲ့ကြရသည့် မိသားစုများ အတွက်လည်း လုံလောက်သည့် လျော်ကြေးများ ပေးဆောင်ရန် လိုအပ်ပြီး၊ လူအများ စိုးရိမ်စိတ်များ ပပျောက်စေရန်အတွက် ယူရေနီယံ သတ္တု တူးဖော်မည်ဆိုလျှင်၊ အဏုမြူနှင့် ပတ်သက်သည့်စက်ရုံများ တည်ဆောက်မည်ဆိုလျှင် လူသိရှင်ကြား ထုတ်ပြန်ကြေညာ၍ ဆောင်ရွက်သင့်ပါသည်။ ဤကဲ့သို့သော လုပ်ငန်းများကို စစ်အာဏာဖြင့် အဓမ္မဆောင်ရွက်ခြင်းမျိုး မဖြစ်စေသင့်ပါ။

ပအိုဝ်းလူငယ်အစည်းအရုံး (PYO) သည် ရပ်ရွာပြည်သူများနှင့်အတူ သူတို့၏ အသက်မွေးဝမ်းကြောင်းကိစ္စများကို ကာကွယ်ပေးရန်၊ မြေယာပိုင်ဆိုင်မှု၊ ယဉ်ကျေးမှု အမွေအနှစ်များ ကာကွယ်ပေးနိုင်ရန် ရပ်တည်ပြီး၊ ဒေသဆိုင်ရာနှင့် နိုင်ငံတကာ အင်အားစုများသို့ ပင်းပက်စီမံကိန်းနှင့် ပတ်သက်၍ ပြန်လည်စစ်ဆေးမှုပြုရန် တောင်းဆိုပါသည်။ သူတို့၏ အင်အား၊ သြဇာကိုသုံး၍ ထိခိုက်နစ်နာ ခံစားရမည့် ပြည်သူများ၏ အခွင့်အရေးကို လေးစားလာကြစေရန် တတ်နိုင်သည့်ဖက်မှ ဝိုင်းဝန်းဆောင်ရွက်ကြပါရန် တောင်းဆိုပါသည်။



## ပင်းပက်တောင်အကြောင်း

ပင်းပက်တောင်သည် မူလက ပအိုဝ်းဘာသာဖြင့် "ပင်ငို"ဟု ခေါ်ပါသည်။ အဓိပ္ပါယ်မှာ ထင်းရှူးပင်များ၏ အရိပ်အာဝါသဟု ဆိုလိုပါသည်။ ခရီးသွားများအတွက် လောင်းရိပ်နားခိုရာပေးမည့် ထင်းရှူးပင်များဟုလည်း ဆိုနိုင်ပါသည်။ "ပင်းပက်"မှာ ယခုအခါ တောင်ကို ခေါ်ဆိုနေကြသည့် အမည်ဖြစ်ပါသည်။ ရှမ်းဘာသာဖြင့် "ပန်ပါက်" ဟု အသံထွက်ပြီး ထင်းရှူးတောဟု အဓိပ္ပါယ် ရပါသည်။ ပင်းပက်ဟူသည့်နေရာကို (Pengpek, Pangpet, Pinngo) စသဖြင့်လည်း ရေးသားဖော်ပြကြ သည်ကို တွေ့နိုင်ပါသည်။ သို့သော်လည်း ယခု အစီရင်ခံစာတွင် ပင်းပက် (Pinpet) ဟုသာ သုံးစွဲဖော်ပြသွားမည် ဖြစ်ပါသည်။

# နိဒါန်း

၂၀၀၄ ခုနှစ်တွင် ပအိုဝ်းလူငယ်အစည်းအရုံး (PYO) က မိမိတို့ ဒေသခံပြည်သူများထံမှ သံသတ္တုရိုင်း တူးဖော်မည့် လုပ်ငန်းများ၊ ပင်းပက်တောင်၌ စက်ရုံများ တည်ဆောက်မည့်အရေးနှင့် ပတ်သက်၍ စိုးရိမ်ပူပန် ဖော်ပြသံများကို ကြားလာခဲ့ရပါသည်။ ဤတောင်သည် ပအိုဝ်းလူမျိုးများ အထွဋ်အမြတ် ထားရာ တောင်ဖြစ်ပြီး၊ ရှမ်းပြည်နယ်၏ မြို့တော် တောင်ကြီးနှင့် ၇ မိုင်မျှသာ ဝေးကွာသောနေရာတွင် တည်ရှိပါသည်။ နောက်ပိုင်းနှစ်များတွင် ရွာသားများက ပို၍ ထူးခြားချက်များကို မြင်တွေ့လာရပါသည်။ မြန်မာနိုင်ငံ အလယ်ပိုင်းမှ အလုပ်သမားများ ဝင်ရောက်အခြေချလာခြင်း၊ ထိပ်ပိုင်း စစ်ဗိုလ်ချုပ်များနှင့် အတူ ရုရှားလူမျိုးများ ရောက်ရှိလာခြင်း၊ ယခုတောင်တွင် ယူရေနီယံသိုက် ရှိနေသည်ဟူသော ကောလာ ဟလများ၊ စသည်တို့ကို ကြားသိ တွေ့ရှိခဲ့ရပါသည်။ စစ်တပ်က အုပ်ချုပ်ထားသော မြန်မာနိုင်ငံတွင် အခြားသော ကိစ္စများနည်းတူ ယခုစီမံကိန်းနှင့် ပတ်သက်၍ လူသိရှင်ကြား သတင်းများမှာလည်း ရရှိရန် လွန်စွာခက်ခဲပါသည်။ သို့အတွက်ကြောင့် ပအိုဝ်းလူငယ်အစည်းအရုံး (PYO) က ယခုစီမံကိန်းနှင့် နီးစပ်သည့်ဒေသများတွင် ၃–နှစ်ကြာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ပအိုဝ်းလူငယ် အစည်းအရုံး (PYO) မှ တွေ့ရှိရသည့် ပတ်ဝန်းကျင်ရှိ အကျိုးဆက်ပြဿနာများ၊ ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များကို စုဆောင်းခဲ့သည်။ ယခုအစီရင်ခံစာသည် ဤသို့ သုတေသနပြု ဆောင်ရွက်ထားချက်မှ ပေါ်ထွက်လာသည့် ရလဒ်ပင် ဖြစ်ပါသည်။

စက်ရုံ ၂–ခု တည်ဆောက်လျှက် ရှိပြီး၊ တခုမှာ သံရိုင်းကို သန့်စင်မည့် စက်ရုံဖြစ်သည်။ အခြား စက်ရုံတခု မှာ ဘိလပ်မြေ ထုတ်လုပ်မည့် စက်ရုံဖြစ်ပါသည်။ စက်ရုံများပြီးသွားပါက တူးဖော်ရေးလုပ်ငန်းများလည်း စတင်လိမ့်မည်ဖြစ်ပြီး၊ တောင်တခုလုံး ကုန်သွားသည်အထိ တူးဖော်ထုတ်လုပ်ကြမည် ဖြစ်သည်။ တောင် ခြေတွင် နေထိုင်ကြသူ ပြည်သူ ၇,၀၀၀ ကျော်မှာ ဤဒေသမှ ထာဝရထွက်ခွာ ပြောင်းရွှေ့သွားကြရမည့် အရေး ရှိနေပြီး၊ ကျန်ရေထွက်ဒေသများတွင် နေထိုင်သူ ၃၅,၀၀၀ မှာ သဘာဝပတ်ဝန်းကျင် ပျက်စီးမှု ဆိုးကျိုးများနှင့် ရင်ဆိုင်ကြုံတွေ့ကြရဖွယ် ရှိပါသည်။ စတင်ဆောင်ရွက်နေပြီဖြစ်သော လုပ်ငန်းများကြောင့် ရွှေ့ပြောင်းနေရာချထားမှုများ၊ မြေယာသိမ်းပိုက်မှုများ၊ အသက်မွေးဝမ်းကြောင်း လုပ်ငန်းများ ဆုံးရှုံးရခြင်း၊ သဘာဝအရင်းအမြစ်များ ဆုံးရှုံးရခြင်းတို့ကို ရာနှင့်ချီသော မိသားစုများ စတင်ကြုံတွေ့နေရပြီ ဖြစ်ပါသည်။ အကယ်၍ စီမံကိန်းကိုသာ ရှေ့ဆက်ဆောင်ရွက်ပါက ပို၍ ဆိုးရွားသော ပြဿနာများဖြစ်သည့် ပတ်ဝန်း ကျင်ညစ်ညမ်းမှုများ၊ အစားအသောက် မဖူလုံဖြစ်ရမှုများ၊ မြေယာများ တိုး၍ ဆုံးရှုံးပျက်စီးရခြင်း၊ အိမ်များ ဆုံးရှုံးရခြင်း၊ ယဉ်ကျေးမှု အမွေအနှစ်များ ဆုံးရှုံးရခြင်းများ ကြုံတွေ့ခံစားကြရမည် ဖြစ်သည်။ သို့သော် လည်း ယခုတိုင် ဒေသခံပြည်သူများကို တလေးတစား အသိပေးအကြောင်းကြားခြင်း မရှိသေးသလို၊ စီမံကိန်းနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင်လည်း ပြည်သူများကိုယ်တိုင်ကိုယ်ကျ ပါဝင်

ဆောင်ရွက်ခွင့် မရှိသေးပါ။ ကျေးရွာလူထုများက သင့်လျော်သည့် လျော်ကြေးများ ပြန်လည်ရရှိရန်၊ တန်းတူညီမျှသော အခွင့်အရေးပေးရန် တောင်းဆိုချက်များကိုလည်း အာဏာပိုင်များက လျစ်လျူရှု ထားကြပါသည်။

ဤဖြစ်ရပ်များမှာ ၁၉၆၂ ခုနှစ်မှစ၍ စစ်အစိုးရအဆက်ဆက် အုပ်ချုပ်လာခဲ့သော မြန်မာနိုင်ငံ[၁]တွင် ထူးဆန်းသည့် ဖြစ်ရပ်များ မဟုတ်ပါ။ မြန်မာနိုင်ငံသည်လည်း ဆင်းရဲမွဲတေခဲ့ရပြီး အစဉ်သဖြင့် ကမ္ဘာ့ အဆင်းရဲဆုံး နိုင်ငံတခုအဖြစ် သတ်မှတ်ထည့်သွင်း ခံခဲ့ရပါသည်။ [၂] မြန်မာနိုင်ငံသည် အာဏာရှင်စနစ်နှင့် အုပ်ချုပ်သည့် ဒဏ်၊ ဆယ်စုနှစ်များစွာ ဖြစ်ပွားနေသည့် ပြည်တွင်းစစ်မီး ဒဏ်ကို ခံစားခဲ့ရသည်။ တိုင်းရင်း သား လက်နက်ကိုင်အဖွဲ့အချို့က စစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီခဲ့ကြသော်လည်း တိုင်းရင်းသားအများစု နေထိုင်ရာ မြန်မာနိုင်ငံ နယ်စပ်ဒေသများတွင် လက်နက်ကိုင် တိုက်ပွဲများ ဆက် လက်ရှိနေဆဲ ဖြစ်ပါသည်။

လက်ရှိအုပ်ချုပ်နေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နအဖ) အစိုးရသည် ၁၉၈၈ ခုနှစ်က အာဏာသိမ်းတက်လာသော စစ်အစိုးရ ဖြစ်ပါသည်။ ထိုအချိန်မှစ၍ စစ်အစိုးရသည် ဒီမိုကရေစီအရေး တောင်းဆိုဆန္ဒပြသည့်သူများကို အမြဲတမ်း သွေးထွက်သံယို ချေမှုန်းခဲ့မှု၊ ဒေါ်အောင်ဆန်းစုကြည်၊ ဦးခွန်ထွန်းဦးနှင့် အခြားသော ဒီမိုကရေစီအရေး လှုပ်ရှားသူများနှင့် တိုင်းရင်းသား ခေါင်းဆောင်များကို ဖမ်းဆီးထောင်ချနေမှုများကြောင့် နိုင်ငံတကာ၏ စောင့်ကြည့်ဝေဖန်မှု၊ ပြစ်တင်ဝေဖန်မှု ခံနေရပါသည်။ [၃]

၁၉၉၀ ခုနှစ်များ အဆန်းပိုင်းမှနေ၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လာစေရန် စစ်အစိုးရက တံခါး ဖွင့်ပေးခဲ့ပြီး၊ ဆောင်ရွက်လာကြသော သဘာဝအရင်းအမြစ်ထုတ်လုပ်ရေး အကြီးစားစီမံကိန်းများ၊ ဖွံ့ဖြိုးရေးစီမံကိန်းများကြောင့် မြန်မာစစ်တပ်၏ လူ့အခွင့်အရေး ချိုးဖောက်မှုများကိုပါ တိုး၍ ခံစားခဲ့ ကြရပါသည်။ အထူးသဖြင့် အဓမ္မလုပ်အား ခိုင်းစေခြင်း၊ မုဒိမ်းကျင့်ခြင်း၊ အဓမ္မပြောင်းရွှေ့နေရာချ ထားခြင်း၊ မြေယာသိမ်းပိုက်ခြင်း၊ သတ်ဖြတ်ခြင်း၊ နှိပ်စက်ညှဉ်းပမ်းခြင်း စသည့် လူ့အခွင့်အရေး ချိုးဖောက် မှုများသာမက သဘာဝပတ်ဝန်းကျင် ပျက်စီးမှုများကိုလည်း ကြုံတွေ့ခံစားခဲ့ကြရပါသည်။ ဤဖြစ်ရပ် အများစုမှာ တိုင်းရင်းသား လူမျိုးများနေထိုင်ရာ ဒေသများတွင် ပို၍ နစ်နာခံစားခဲ့ကြရပါသည်။ [၄]

၂၀၀၇ ခုနှစ်၊ စက်တင်ဘာလတွင် ရဟန်းသံဃာများ ဦးဆောင်သည့် လူထုအုံကြွ ဆန္ဒပြပွဲများတွင် စစ်အစိုးရက အကြမ်းဖက် ဖြိုခွဲခဲ့ပြန်ရာ ကုလသမဂ္ဂ၊ အရှေ့တောင်အာရှ နိုင်ငံများအသင်း (အာဆီယံ)နှင့် များစွာသော နိုင်ငံတကာအစိုးရများက ပြစ်တင်ဝေဖန်မှုများ ပြုခဲ့ကြပါသည်။[၅] ၂၀၀၈ ခုနှစ်၊ မေလ နာဂစ်ဆိုက်ကလုန်း မုန်တိုင်းတိုက်ခိုက်ပြီးနောက် စစ်အစိုးရ၏ စီမံခန့်ခွဲမှု လွဲချော်မှုများ၊ ထိုနှစ်တွင်ပင် မုန်တိုင်းစဲပြီးမကြာမီ ကျင်းပသော ဖွဲ့စည်းပုံအခြေခံဥပဒေ ဆန္ဒခံယူပွဲ၌ စစ်အစိုးရက ဖိနှိပ်သည့်နည်းနာများ အသုံးပြုမှုကြောင့် ထိုကဲ့သို့ ပြစ်တင်ဝေဖန်မှုများလည်း ထပ်၍ကြားခဲ့ရပါသည်။ [၆]

ပအိုဝ်းလူငယ်အစည်းအရုံး (PYO) က မျှော်လင့်သည်မှာ မြန်မာနိုင်ငံ၏ သတင်းများတွင် ရှေ့တန်းက ဖော်ပြခံရခြင်း နည်းပါးသည့် ဒေသတခုမှ ယခုကဲ့သို့ အစီရင်ခံစာ ထွက်ရှိတင်ပြနိုင်ခြင်းအားဖြင့်၊ နောက်ဆုံး ပင်းပက်တောင် ဒေသတဝိုက်မှ စီမံကိန်းများကြောင့် ဖြစ်ပေါ်ရသော လူ့အခွင့်အရေးချိုးဖောက်မှုများ၊ စီမံကိန်းများ၏ ဆိုးကျိုးများကို လူသိရှင်ကြား ထုတ်ဖော်တင်ပြနိုင်မည်ဟု ယူဆပါသည်။ ပထမဦးဆုံး အနေနှင့် မိမိတို့သည် ရပ်ရွာပြည်သူများနှင့်အတူ သူတို့၏ သက်မွေးဝမ်းကြောင်း ကိစ္စများကို ကာကွယ် ပေးရန်၊ မြေယာပိုင်ဆိုင်မှု၊ ယဉ်ကျေးမှု အမွေအနှစ်များ ကာကွယ်ပေးနိုင်ရန် ရပ်တည်ပြီး၊ ဒေသဆိုင်ရာနှင့် နိုင်ငံတကာ အင်အားစုများသို့ ပင်းပက်စီမံကိန်းနှင့် ပတ်သက်၍ စောင့်ကြည့်စစ်ဆေးမှုများ အနီးကပ် ပြုလုပ်ပေးပါရန် တောင်းဆိုပါသည်။ အထူးသဖြင့် ယူရေနီယံ သတ္တုတူးဖော်ထုတ်လုပ်နေသည်ဟူသော သတင်းနှင့်ပတ်သက်၍ စောင့်ကြည့် စစ်ဆေးပေးစေလိုပါသည်။ နောက်ဆုံးအနေနှင့် မိမိတို့ တောင်းဆိုလိုသည်မှာ ပါဝင်ပတ်သက်နေကြသည့် ကုမ္ပဏီများအားလုံး၊ အဖွဲ့အစည်း များအားလုံး ၎င်းတို့၏ လုပ်ငန်းများ ရပ်ဆိုင်းပြီး၊ ဤစီမံကိန်း၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်နစ်နာ ပျက်စီးဖွယ် အကြောင်းများ၊ လူမှုရေး ဆိုးကျိုးသက်ရောက်နိုင်မှုများကို စနစ်တကျနှင့် ပွင့်လင်းမြင်သာမှုရှိစွာ အကဲဖြတ် စစ်ဆေးချက်များ ပထမဦးဆုံး ပြုလုပ်သင့်ပါသည်။ အိုးအိမ်၊ မြေယာများ ဆုံးရှုံးခဲ့ကြရသည့် မိသားစုများ အတွက်လည်း လုံလောက်သည့် လျော်ကြေးများ ပြန်လည်ပေးဆောင်ရန် လိုအပ်ပါကြောင်း တင်ပြလိုက်ရပါသည်။

## ဆောင်ရွက်သော နည်းစနစ်

ပအိုဝ်းလူငယ်အစည်းအရုံး (PYO) က ကျေးရွာနေ လူဦးရေ၊ စီမံကိန်းဆိုင်ရာ အသေးစိတ် အချက် အလက်များ၊ ရုပ်ပုံကားချပ်များ၊ ဓါတ်ပုံများ၊ ကျေးရွာလူထုများ ပြောပြသည့် ဖြစ်ရပ်များကို ပင်းပက် တောင် ဒေသတဝိုက်၌ ၂၀၀၆ ခုနှစ်မှ ၂၀၀၉ ခုနှစ် အတွင်း ကောက်ယူစုဆောင်းခဲ့ပါသည်။ ပဏာမ သုတေသနလုပ်ငန်းအတွက် အချက်အလက်များကို ဟိုပုန်းနှင့် တောင်ကြီးမြို့ ဒေသတဝိုက်ရှိ လူထုများ ထံမှ ရယူပါသည်။ စီမံကိန်းတွင် လုပ်ကိုင်ခဲ့သူ၊ လက်ရှိလုပ်ကိုင်နေဆဲ အလုပ်သမားများထံမှလည်း ရယူ စုဆောင်းပါသည်။ အသေးစိတ် တွေ့ဆုံမေးမြန်းမှုများကို ပင်းပက်တောင်ခြေရှိ ကျေးရွာ ၁၀–ခုမှ ရွာသား ၃၆–ဦးနှင့် ပြုလုပ်ခဲ့ပြီး သူတို့က စီမံကိန်းနှင့် ပတ်သက်၍ ထိခိုက်နစ်နာခဲ့ရသူများ ဖြစ်သည်။ ထို့အပြင် သတင်းအချက်အလက်များကို အုပ်စုအလိုက်ဆွေးနွေးပွဲများ၊ အုပ်စုလိုက် တွေ့ဆုံမေးမြန်းမှုများ၊ ဒေသခံ ပြည်သူများနှင့် ဆောင်ရွက်သည့် အလုပ်ရုံ ဆွေးနွေးပွဲများမှလည်း ရရှိခဲ့ပါသည်။ ဒုတိယအဆင့် သုတေသနလုပ်ငန်းကို အင်တာနက် အွန်လိုင်းအရင်းအမြစ်များ ဖြစ်သည့် သတင်းများ၊ သတင်းဝေဖန် ချက်များမှ စုဆောင်းခဲ့ပါသည်။ တွေ့ဆုံမေးမြန်းမှုအားလုံးကို ပအိုဝ်းလူငယ်အစည်းအရုံး (PYO) က မှတ်တမ်းတင် သိမ်းဆည်းထားပါသည်။

# အပိုင်း (၁)
# စီမံကိန်းများအကြောင်း

## အထွေထွေနောက်ခံသမိုင်း

ပင်းပက်တောင်သည် မြန်မာနိုင်ငံ၏ အကြီးဆုံးပြည်နယ်တခု ဖြစ်သည့် ရှမ်းပြည်နယ်တွင် တည်ရှိသည်။ ရှမ်းပြည်နယ်သည် ဧရိယာစတုရန်းမိုင် ၆၀,၁၅၅ ရှိပြီး၊ စစ်အစိုးရ၏ တရားဝင်ခန့်မှန်းချက်အရ လူဦးရေ ၅ သန်းကျော် နေထိုင်ပါသည်။[၇] ထို့အပြင် တိုင်းရင်းသား လူမျိုးအစုံ စုစည်းနေထိုင်သော ပြည်နယ်လည်း ဖြစ်သည်။ ရှမ်းပြည်နယ်တွင် ရှမ်း၊ ပအိုဝ်း၊ အင်းသား၊ ခနု၊ ပလောင်၊ ဝ၊ လားဟူ၊ တောင်ရိုးနှင့် ကယန်းအပါအဝင် အခြားတိုင်းရင်းသားလူမျိုး တဒါဇင်ကျော် အခြေချနေထိုင်လျှက် ရှိပါသည်။

ပင်းပက်တောင်ခြေ ဒေသတဝိုက်တွင် နေထိုင်ကြသည့် လူဦးရေ ၇,၀၀၀ မှာ ပအိုဝ်းတိုင်းရင်းသား လူမျိုး အများစုဖြစ်ပါသည်။ ပအိုဝ်းအမျိုးသား လူဦးရေမှာ တသန်းကျော်ရှိမည်ဟု ခန့်မှန်းရပြီး၊ ရှမ်းပြည်နယ်တွင် ဒုတိယအများဆုံး တိုင်းရင်းသားလူမျိုးစု တစုဖြစ်ပါသည်။[၈] ပအိုဝ်းလူမျိုး အများစုမှာ ရှမ်းပြည်နယ် တောင်ပိုင်းဒေသတွင် နေထိုင်ကြပြီး၊ အခြားသော ပအိုဝ်းအများစုမှာ ကရင်နီပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင်လည်း နေထိုင်ကြပါသည်။ ပအိုဝ်းလူမျိုးအများစုမှာ လယ်ယာစိုက်ပျိုး၍ အသက်မွေးကြပြီး၊ ဆန်စပါး၊ သနပ်ဖက်၊ ကြက်သွန်ဖြူ၊ လက်ဖက်၊ ပြောင်းနှင့် မြေပဲများ စိုက်ပျိုးကြပါသည်။ ပအိုဝ်းလူမျိုးအများစုမှာ ဗုဒ္ဓဘာသာကို ကိုးကွယ်ယုံကြည်သူများ ဖြစ်ကြပြီး၊ ကိုယ်ပိုင်ထူးခြားသည့် ဘာသာစကား၊ စာပေနှင့် ဝတ်စားဆင်ယင်မှုများ ပိုင်ဆိုင်ကြပါသည်။

ဆယ်စုနှစ်ပေါင်းများစွာ ဖြစ်ပေါ်နေသော ပြည်တွင်းစစ်ကြောင့် ရှမ်းပြည်နယ်တွင် ထိခိုက်နစ်နာ ဆုံးရှုံးမှု အများအပြား ရှိခဲ့ပါသည်။ အချို့သော ဒေသများရှိ လက်နက်ကိုင် တိုင်းရင်းသားအဖွဲ့များသည် အပစ် အခတ်ရပ်စဲရေး ပြုလုပ်၍ နယ်မြေထိန်းချုပ်ခွင့် တစုံတရာရရှိကြသော်လည်း၊ အချို့သော ရှမ်းပြည်ဒေသ များတွင်မူ လက်နက်ကိုင်တိုက်ပွဲများ ဆက်လက်ဖြစ်ပွားလျှက်ပင် ရှိနေပါသေးသည်။ ပအိုဝ်းလူမျိုးများ၏ အဓိက အပစ်အခတ်ရပ်စဲရေးအဖွဲ့မှာ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ဖြစ်ပြီး၊ (နအဖ) စစ်အစိုးရနှင့် ၁၉၉၁ ခုနှစ်တွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ရရှိခဲ့ကြပါသည်။ တောင်ကြီးနှင့် ဟိုပုန်း လွင်ပြင်ဒေသ အပါအဝင် ရှမ်းပြည်နယ်တောင်ပိုင်း၏ နယ်မြေအများစုသည် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) က ထိန်းချုပ်ခွင့် ရရှိသည့်ဒေသများပင် ဖြစ်ပါသည်။ သို့သော်လည်း ၁၉၉၁ ခုနှစ်မှစ၍ ယခင် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) က ထိန်းချုပ်ခဲ့သည့် နေရာအများစုကို (နအဖ) စစ်အစိုးရက တိုးချဲ့၍ ချုပ်ကိုင်လာခဲ့ပါသည်။

လက်ရှိ ၂၀၀၉ ခုနှစ်တိုင် ဆက်လက်တိုက်ပွဲဝင်နေဆဲဖြစ်သော ပအိုဝ်းတိုင်းရင်းသားအဖွဲ့မှာ ပအိုဝ်း အမျိုးသားလွတ်မြောက်ရေးအဖွဲ့ **(PNLO)** ဖြစ်ပြီး၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ကရင်နီပြည်နယ် နယ်စပ်တွင် တည်ရှိနေပါသည်။[၉] ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) **(SSA-South)** သည်လည်း ဆက်လက်၍ လက်နက်ကိုင် တိုက်ခိုက်နေဆဲ ဖြစ်ပါသည်။ ၂၀၀၉ ခုနှစ်၊ မေလ၌ သတ္တုတူးဖေါ်မည့်စီမံကိန်းဒေသ၏ တောင်ဘက်တွင် တိုက်ပွဲဖြစ်ပွားခဲ့မှုကြောင့် မြန်မာစစ်တပ်မှ များစွာသော ရွာသားများကို ဖမ်းဆီးနှိပ်စက် သတ်ဖြတ်ခဲ့သည်။[၁၀]

## သတ္တုတွင်း တူးဖော်ခြင်းဆိုင်ရာ သမိုင်း

ရှမ်းပြည်နယ်၏ မြို့တော်၊ တောင်ကြီးမြို့၏ အရှေ့တောင်ဖက် ၇–မိုင် အကွာတွင် တည်ရှိသည့် ပင်းပက်တောင်သည် ပျမ်းမျှရေိယာ ၈–စတုရန်းမိုင်မျှကို လွှမ်းခြုံတည်ရှိနေပြီး၊ ပင်လယ်ရေမျက်နှာပြင်ထက် အမြင့် ၁,၄၀၀ မီတာတွင် ရှိပါသည်။ ဤတောင်တန်းမှ သဘာဝသယံဇာတများ ထုတ်ယူနိုင်ရန် ကြိုးပမ်းမှု အကြိမ်ကြိမ် ရှိခဲ့ဖူးပါသည်။ သိရှိရသလောက် မြန်မာနိုင်ငံတွင် ဒုတိယအကြီးဆုံး သံရိုင်းသိုက် တည်ရှိနေသော နေရာလည်းဖြစ်သည်။ ပထမအများဆုံးနေရာမှာ ကချင်ပြည်နယ်၊ ဖားကန့်ဒေသဟု ဆိုပါသည်။[၁၁] ပင်းပက်တောင်သည် အခြားသဘာဝတွင်းထွက်များ ဖြစ်သည့် ကြေးနီ၊ ထုံးကျောက်၊ ဂူဖရန်နှင့် သွပ်ဖြူ များလည်း ထွက်ရှိပြီး၊ ယူရေနီယံ ထွက်ရှိနေသည်ဟုလည်း ကာလကြာရှည်စွာကပင် သံသယ ရှိနေကြပါသည်။ သို့သော်လူသိရှင်ကြား ထုတ်ပြန်ကြေညာမှုများ မရှိခဲ့ပါ။[၁၂]

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးခါစ ကာလတွင်ပင် သတ္တုတူးဖော် ထုတ်လုပ်မှုများ ရှိခဲ့ပါသည်။ သံရိုင်းသိုက် တည်ရှိနေသည်ကို ၁၉၅၁ ခုနှစ်တွင် ရှာဖွေတွေ့ရှိခဲ့ပါသည်။[၁၃] အထွေထွေအုံကြွမှုများ၊ မတည်ငြိမ်မှုများ ကြောင့် ဆယ်စုတခုစာမျှ မည်သို့မျှ သတ္တုတူးဖော်ထုတ်လုပ်ခြင်း မဆောင်ရွက်နိုင်ဘဲ ရှိနေခဲ့ရာမှ ၁၉၆၁ ခုနှစ်တွင် တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများ ပြန်လည်စတင်ခဲ့ပါ သည်။ ဒေသခံ ပြည်သူတဦး၏ အဆိုအရ *"အဲဒီအချိန်က ဂျာမဏီ၊ ရုရှား၊ အီတလီ နိုင်ငံတွေက ဘူမိဗေဒပညာရှင်တွေ၊ အခြား ကျွမ်းကျင်သူတွေ တောင်ကြီးဒေသမှာ တနှစ်လောက် လာအခြေချပြီး နေခဲ့ကြတယ်။ အဲဒီအချိန်တုန်းက ဂျပန်က ပညာရှင်တွေလည်း ပင်းပက်တောင်ဒေသကိုလာပြီး လေ့လာခဲ့ကြတယ်"* ဟု ပြောပြသည်။[၁၄] တောင်၏ အနောက်ဖက်နှင့် အရှေ့မြောက်ဖက်အခြမ်းတွင် မြေအောက်ဥမင်များ တူးခဲ့ကြသည်။ သို့သော်လည်း တည်ဆောက်ရေးလုပ်ငန်းများ ပြီးဆုံးအောင် ဆက်လက်လုပ်ကိုင်နိုင်ခြင်း မရှိခဲ့ပေ။ [၁၅] ၁၉၆၂ ခုနှစ်တွင် မြန်မာနိုင်ငံတွင် စစ်အာဏာသိမ်းပြီးနောက်ပိုင်း ၎င်းလေ့လာရေး လုပ်ငန်းများလည်း ရပ်ဆိုင်းခဲ့ကြရသည်။

ပင်းပက်တောင်ရှိ သံရိုင်းသိုက်ကို တူးဖော်ရန် ဒုတိယအကြိမ် ကြိုးပမ်းအားထုတ်မှုကို ၁၉၉၁ ခုနှစ်၊ ပအိုဝ်းတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ **(PNO)** က အပစ်အခတ်ရပ်စဲရေး သဘောတူညီပြီးနောက်ပိုင်း ပြန်လည်စတင်လာကြသည်။ ၁၉၉၂ ခုနှစ်တွင် ဤဒေသလုံခြုံရေးအတွက် မြန်မာစစ်တပ် တပ်ရင်းများကို စေလွှတ်အခြေချစေခဲ့သည်။ ဆက်သွယ်ရေး တပ်ရင်းအမှတ် (၂၁၂) က ပင်းပက်တောင်နှင့် တောင်ကြီးမြို့ အကြားရှိ မုဲင်းတောင်ကျေးရွာတွင် မြေယာများသိမ်းပိုက်၍ အခြေချလာခဲ့သည်။ ပင်းပက်တောင်၏ အရှေ့မြောက်ဖက်ဒေသ ဟိုပုန်းအနီးတွင် တိုင်းဗဟိုအမှတ်(၃) လေ့ကျင့်ရေးတပ်က မြေဧက ၂၅, ၄၀၂

ကို သိမ်းပိုက်၍ ဌာနချုပ်တည်ထောင်ခဲ့သည်။[၁၆] စစ်သားများနှင့် ဒေသကို လုံခြုံရေးရယူ၍ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ စတင်ခဲ့သော်လည်း မကြာမီပင် အစီအစဉ်များ ရပ်ဆိုင်းခဲ့ရသည်။ ယခုတခါတွင် ရပ်ဆိုင်းရခြင်းမှာမူ ရန်ပုံငွေမရှိသောကြောင့် ဖြစ်သည်။

၂၀၀၃ ခုနှစ်မှ စတင်၍ ပင်းပက်တောင်မှ တတိယအကြိမ် သတ္တုတူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများ စတင်လာပြီး ရှေ့တိုးလုပ်ဆောင်လာပြန်သည်။ (စီမံကိန်း၏ ကဏ္ဍများ အခန်းကို ကြည့်ပါ။) အစိုးရတရားဝင်အဆိုအရ ယခုစီမံကိန်းသည် သံရိုင်းတူးဖော်ထုတ်လုပ်ရန်ဟု ဆိုသော်လည်း၊ ဒေသခံရွာသားများအကြားတွင် ပင်းပက်တောင်မှ ယူရေနီယံလည်း တူးဖော်ထုတ်လုပ်မည်ဟု သံသယရှိနေကြသည်။ အကြောင်းမှာ မြန်မာစစ်အစိုးရက မကြာသေးမီက ရုရှားနိုင်ငံနှင့် ပူးတွဲ၍ အဏုမြူအစီအစဉ်များ စတင်မည်ဟု ကြေညာခဲ့ချိန်နှင့် တိုက်ဆိုင်နေသောကြောင့်လည်း ဖြစ်ပါသည်။

## ဒေသခံ ပြည်သူများ အခြေအနေနှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ

ပင်းပက်တောင် အနီးတဝိုက်ဒေသကို ဟိုပုန်းလွင်ပြင်ဒေသဟု လူသိများပါသည်။ ဤဒေသသည် တောင်ကြီး၏ အရှေ့နှင့် အရှေ့တောင်ဖက်မှ ဆီဆိုင်၊ ဟိုပုန်း၊ တောင်ကြီးမြို့နယ်များနှင့် ပင်းပက်တောင် မြောက်ဖက်ရှိ ဟိုပုန်းမြို့နယ်အထိ ပါဝင်ပါသည်။ တဖက်ချောင်း (ပအိုဝ်းဘာသာဖြင့် "စမ်းဖက်ခရောင်" (Jamphak Kroung) ဟု ခေါ်သည်) သည် ဟိုပုန်းလွင်ပြင်ဒေသကို အလယ်မှ ဖြတ်၍ စီးဆင်းနေပြီး၊ ကျေးရွာပေါင်း ၁၀၀ ကျော်နှင့် လူဦးရေ ၃၅,၀၀၀ ခန့် အခြေချနေထိုင်ရာ ဒေသလည်း ဖြစ်ပါသည်။

တဖက်ချောင်းသည် ပင်းပက်တောင်ကိုကပ်၍ တောင်ဖက်သို့ စီးဆင်းပြီး၊ ပွန်ချောင်းအတွင်းသို့ မစီးဝင်မီ မိုင် ၁၀၀ ခန့် ရှည်လျားပါသည်။ ပွန်ချောင်းသည် ရှမ်းပြည်နယ်နှင့် ကရင်နီပြည်နယ် တောင်ဖက်ဒေသ၌ သံလွင်မြစ်သို့ စီးဝင်ပါသည်။

ပင်းပက်တောင်ခြေဒေသတွင် အဓိကနေထိုင်သူများမှာ ပအိုဝ်းတိုင်းရင်းသား အများစုဖြစ်ပြီး၊ ရှမ်းလူမျိုးနှင့် အိန္ဒိယနွယ်ဖွား လူမျိုးအချို့လည်း နေထိုင်ကြပါသည်။ ပင်းပက်တောင်ခြေတွင် ကျေးရွာ ၂၅ ရွာရှိပြီး၊ ခန့်မှန်း လူဦးရေ ၇,၀၀၀ ခန့် နေထိုင်ပါသည်။ ၎င်းကျေးရွာများတွင် နေထိုင်ကြသော လူထုသည် သီးနှံအမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုး၍ အသက်မွေး ဝမ်းကျောင်းမှု ပြုကြသည်။ ဆန်စပါး၊ ကြက်သွန်ဖြူ၊ နှမ်း၊ ဂျုံ၊ ပဲအမျိုးမျိုး၊ ပြောင်း၊ အာလူး၊ စတော်ဘယ်ရီ၊ မြေပဲ၊ ကြံ စသည်တို့ကို စိုက်ပျိုးကြသလို ကျွဲနွားနှင့် ကြက်များလည်း မွေးမြူကြသည်။ ဒေသထွက်ကုန်များကို တောင်ကြီးနှင့် ဟိုပုန်းမြို့များတွင် ရောင်းချကြသည်။ ကျေးရွာလူထုသည် ပင်းပက်တောတောင်များမှနေ၍ မျှစ်၊ မှိုနှင့် အခြားသစ်တောထွက် ပစ္စည်းများလည်း မှီခိုရှာဖွေ စားသောက်ကြသလို၊ တဖက်ချောင်းတွင် ငါးဖမ်း၍ ရှာဖွေစားသောက်ကြပါသည်။



တောင်ကြီးမြို့ လမ်းမကြီးပေါ်တွင် အမျိုးသမီးများ ပအိုဝ်း အမျိုးသားနေ့ အခမ်းအနားအတွက် ၂၀၀၈ ခုနှစ်၊ မတ်လတွင် ချီတက်လမ်း လျှောက်လာစဉ်၊




လယ်ကွင်းများဘေးရှိ တဖက်ချောင်းတွင် လယ်သမားတဦး သူ၏ နွားများကို ရေချိုးပေး နေစဉ်



ပင်းပက်တောင်ခြေ ဥယျာဉ်ခြံများမှ ထုတ်လုပ်သည့် လတ်ဆတ်သော စတော်ဘယ်ရီသီးများ

# ပင်းပက်သတ္တုတွင်းစီမံကိန်း နေရာပြမြေပုံ



## စီမံကိန်း၏ ကဏ္ဍများ

### ပင်းပက် သတ္တုတွင်း

ပင်းပက်သံရိုင်းသိုက်တွင် ခန့်မှန်းခြေအားဖြင့် သံရိုင်း ၅၆. ၄ % ပါဝင်သော ဟေမတိုက် (hematite) သတ္တုရိုင်း တန် ၁၀ သန်း ခန့်နှင့် (သံရိုင်း ၄၂. ဖ % ပါဝင်သော) ထုံးကျောက် (limonite) တန်ချိန် သန်း ၇၀ ခန့် ရှိနေပါသည်။ (ကမ္ဘာပေါ်ရှိ သံရိုင်းပါဝင်မှု အမြင့်ဆုံးစံချိန်မှာ ၆၀ % ဖြစ်ပါသည်။) ထို့အပြင် ဤပင်းပက်တောင်တွင် ထုံးကျောက်သက်သက် တန်ချိန် သန်း ၃၀ ခန့် ရှိနေသေးပြီး၊ ဘိလပ်မြေဖုတ်ရန် အတွက် အသုံးပြုနိုင်ပါသည်။ အစိုးရသတင်းဌာနများ ဖော်ပြချက်အရ ဤသံရိုင်းများကို အပွင့်တွင်း တူးနည်း (open-pit mine) ဖြင့် ထုတ်ဖော်မည်ဟု ဆိုပါသည်။

တောင်ပေါ် အနောက်ဖက်တွင် လမ်းများဖောက်လုပ်ခြင်းကို ၂၀၀ဖ ခုနှစ်တွင် စတင်ခဲ့ပြီး၊ ယခုအခါ ပြီးစီးသွားပြီ ဖြစ်သည်။ ဤလမ်းများက ၁၉၆၀ ခုနှစ်များက တူးဖော်မှု ကြိုးပမ်းပြီး စွန့်ပစ်ထားခဲ့သော မြေအောက်ဥမင် ၂–ခုဆီသို့ ဆက်သွယ်ထားပါသည်။ ဘူဒိုဇာစက်များဖြင့် သတ္တုတွင်းဟောင်းနှစ်ခုမှ သစ်ပင်များ၊ ခြုံနွယ်များကို ရှင်းလင်းခဲ့ကြပြီး၊ ဤသတ္တုတွင်းဟောင်း နေရာများသည်ပင် အပွင့်သတ္တုတွင်း များအဖြစ် တူးဖော်မည်ဟု ယူဆရပါသည်။ ဤတွင်းဝများအနီး တောင်ပေါ်တွင်လည်း စစ်သားများက လုံခြုံရေးအတွက် တဲများထိုး၍ နေရာယူခဲ့ကြပါသည်။ ဤသတ္တုတွင်းဟောင်းများအနီးတွင် ရှေးဟောင်း စေတီတဆူလည်း ရှိနေပါသည်။ (မြေပုံကို ကြည့်ပါ။) စစ်သားများက တောင်၏မြောက်ဖက်နှင့် အရှေ့ဖက် ခြမ်းတွင် တိုင်များ စိုက်ထူကြပြီး၊ ဤနေရာကို “တပ်ပိုင်မြေ” အဖြစ် သတ်မှတ်ခဲ့ကြပါသည်။ သို့အတွက် ကြောင့်လည်း ယခင်ကတောင်ပေါ်တွင် ထင်းရှာ၊ အစားအသောက်ရှာဖွေ နေထိုင်ခဲ့ကြသည့် ကျေးရွာ လူထုများ အမျက်ဒေါသ ဖြစ်ခဲ့ကြရပါသည်။

တောင်ပေါ်တွင် ထင်းနှင့် အခြားအစားအသောက်များ ရှာဖွေလေ့ရှိကြသည့် ရွာသားများသည် တောင်ပေါ်တွင် အခြေချစခန်း ချနေသည့် စစ်သားများနှင့် ၂၀၀ဖ ခုနှစ်မှစ၍ ပြဿနာများ တက်ခဲ့ရ ပါသည်။ သူတို့က ဟင်းသီးဟင်းရွက်၊ ထင်းများ တောင်ပေါ်တွင် သွားရောက်ရှာလိုပါက လာဘ်ထိုးရခြင်း၊ အဓမ္မ ငွေကြေးတောင်းခံခြင်းများ ရှိလာခဲ့သည်။ အချိန်ရလာသည်နှင့်အမျှ ရွာသားများကလည်း မည်သည့်သတ္တုမျိုး တူးဖော်မည်ကို မေးခွန်းထုတ်လာခဲ့ကြသည်။ အကြောင်းမှာ စစ်သားအများအပြားနှင့် လုံခြုံရေးတင်းတင်းကျပ်ကျပ် ချထားသောကြောင့် ဖြစ်ပါသည်။ ဤသို့ အမျိုးမျိုးထင်မြင်ချက်များ ဖြစ်ပေါ်နေစဉ် ၂၀၀၇ ခုနှစ်တွင် တောင်ပေါ်တွင် စောင့်ကြပ်နေသော စစ်သားများနှင့် စက်ရုံလုပ်သား များက သူတို့စစ်ယူနီဖောင်များကို ပြောင်း၍ အရပ်ဝတ်သာ ဝတ်ဆင်ကြသည်ကို တွေ့ရှိရသည်။

ယခု သိရှိထားရသလောက် သံရိုင်းစက်ရုံတည်ဆောက်မှု မပြီးမချင်း၊ သံရိုင်းတူးဖော်ထုတ်လုပ်ရေး လုပ်ငန်း များမှာလည်း စတင်နိုင်ဖွယ်မရှိဟု ခန့်မှန်းရပါသည်။

### သံရိုင်းကို သန့်စင်ကြိုချက်ခြင်း

ဟေမတိုက် (hematite) နှင့် လိုင်မိုနိုက် ထုံးကျောက် (limonite) တို့မှာ သံရိုင်းထုတ်လုပ်နိုင်သော သတ္တု ၂– မျိုးဖြစ်ပါသည်။ ၎င်းတို့ကို ယေဘုယျအားဖြင့် အပွင့်သတ္တုတွင်းဖြင့် တူးဖော်ထုတ်ယူပြီး နောက် ကျောက်တုံးများကို ချေ၍ ခွဲခြားပါသည်။ အရည်အသွေးနိမ့်သော အမျိုးအစားများသည် အညစ်အကြေးများ သန့်စင်ရန် (benificiation) ဟူသော လုပ်ငန်းဆောင်ရွက်သည့် နေရာသို့ သွားပါသည်။ ဤသည်မှာ သန့်စင်ခြင်းလုပ်ငန်း တမျိုးဖြစ်ပြီး ဆေးကြောခြင်း၊ သံလိုက်ဓါတ်အသုံး ပြု၍ စုဆောင်းခြင်း၊ အခြားသောနည်းများဖြင့် သန့်စင်ခြင်း ဖြစ်သည်။ ထို့နောက် သတ္တုရိုင်းများကို လော့်သော ဒယ်အိုးပေါ်တင်၍ သံ သတ္တုစင် အဖြစ် ထုတ်လုပ်ပါသည်။ ထို့နောက်ဤသံ သတ္တုစင် ကိုပင် သံမဏိရရှိစေရန် ဆက်လက်စီမံကြရသည်။

(Benificiation) သန့်စင်ခြင်း လုပ်ငန်းစဉ်တွင် ရေအမြောက်အများ လိုအပ်ပြီး၊ အရောများ သို့မဟုတ် မြေကျောက်သား အတုံးအခဲများမှာ အနယ်အနှစ်အဖြစ် ကျန်ရစ်ပါသည်။ ဤအရည် ပျစ်ကို ပုံမှန်အားဖြင့် အနယ်စစ်ကန်မှတဆင့် ဖြစ်နိုင်ပါက ပြန်၍ သန့်စင်ယူပါသည်။ ရံဖန်ရံခါ ဤအနယ်စစ်ကန်မှအရည်များကို နီးစပ်ရာချောင်းများ၊ ရေလမ်းကြောင်းများသို့ စွန့်ထုတ် သည်လည်းရှိရာ မြေပေါ်ရေကို ရေစေးများ၊ (heavy metal contaminants) အညစ်အကြေး များနှင့် ညစ်ညမ်းစေပါသည်။ မြစ်အကြေဖက်တွင်လည်း သွားရောက်စုပုံစေပါသည်။ [၁၇]

### ပင်းပက်သံရိုင်းစက်ရုံ

ပထမပိုင်းတွင် လွဲချော်မှု အမျိုးမျိုးဖြစ်ပြီးနောက် ပင်းပက်သံရိုင်းစက်ရုံကို ပင်းပက်တောင်၏ အရှေ့ဖက်ခြမ်း တွင် တည်ဆောက်ရန် ရွေးချယ်နေရာချခဲ့ပါသည်။ ၂၀၀၄ ခုနှစ်တွင် တည်ဆောက်မှုများ စတင်ခဲ့သည်။ အချို့သော သတင်းများအရ ၂၀၀၉ ခုနှစ်တွင် အပြီးတည်ဆောက်ရန် လျာထားသည်ဟု ဆိုပြီး၊ အတိအကျ ဖော်ပြနိုင်ကြခြင်း မရှိပါ။[၁၈] ထွက်ရှိလာသော သံရိုင်းများကို ဤစက်ရုံတွင် ဓါတ်ခွဲသန့်စင် မည်ဖြစ်ပြီး၊ နောက်ပိုင်းတွင် သံမဏိအဖြစ် ဆက်လက်ကြိုချက်ကြမည် ဖြစ်သည်။ သို့သော်လည်း ဒေသခံများက ယခုစက်ရုံနေရာတွင်ပင် သံမဏိအထိ အပြီးကြိုချက်မည်ဟု ယူဆနေကြပါသည်။ အကြောင်းမှာ ယခုဆောက်လုပ်ရေးလုပ်ငန်းအတွင်း သွားလာနေကြသည့် ထရပ်ကားများတွင် "ပင်းပက်သံနှင့် သံမဏိစက်ရုံ" (Pinpet Iron and Steel) ဟု ရေးသားထားသောကြောင့် ဖြစ်သည်။ သို့သော်လည်း အချို့သတင်းများအဆိုအရ ဆက်လက်၍ သံမဏိချက်လုပ်ရန် မန္တလေးတိုင်းအတွင်းရှိ သံမဏိစက်ရုံသို့ ပို့ဆောင်မည် ဖြစ်သည်ဟု ဆိုပါသည်။ ဤသံမဏိစက်ရုံကိုလည်း တည်ဆောက်လျှက် ရှိပြီး၊ ဤစက်ရုံမှနေ၍ ခန့်မှန်း တနှစ်လျှင် (cast iron) သံကြွပ်တန်ချိန် ၂ သိန်းကျော် ထုတ်လုပ်နိုင်မည်ဟု သိရသည်။[၁၉]

# ပင်းပက် သံသတ္တုတွင်းစီမံကိန်းနှင့် စက်ရုံဧရိယာများ မြေပုံ




မြေပုံအညွှန်း

- တောင်
- အလုပ်သမားတန်းလျား
- စီမံကိန်း အဆောက်အဦး
- ကျေးရွာ
- ဘုန်းကြီးကျောင်း
- လုံခြုံရေး တပ်စခန်း
- ရဟတ်ယာဉ်ကွင်း
- မြေအောက် ဥမင်
- ၁၉၆၁-၆၂ စမ်းသပ် တူးထားသောနေရာ
- စိမ့်တောမြေ
- တည်ဆောက်ဆဲရေကန်
- အုတ်တံတိုင်း
- စေတီ
- စစ်ဆေးရေးနှင့် လုံခြုံရေး ဂိတ်
- စက်ရုံတည်ဆောက်သည့်နေရာ
- ရေကန်
- စီမံကိန်းအသုံးပြုသောလမ်း
- ချောင်း
- အဝေးပြေးလမ်းမကြီး
- နွားလှည်းလမ်း
- စီမံကိန်းလမ်းအတွက် ဖောက်လုပ်ရန် သိမ်းထားသော ယာခင်းဧရိယာ

မြန်မာနိုင်ငံရှိ သတင်းစာများဖော်ပြချက်အရ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလတွင် ဤစက်ရုံအတွက် ဘွိုင်လာအိုး တလုံးရရှိခဲ့သည်ဟု ဆိုသည်။[၂၀] ၂၀၀၉ ခုနှစ်၊ မတ်လတွင် ပအိုဝ်းလူငယ်အစည်းအရုံးမှ ရိုက်ကူးနိုင်ခဲ့သော ဓါတ်ပုံအရ ရေထိန်းကန် ၂ ခု၊ မြေအောက် ဘန်ကာများ၊ စစ်တပ်ဝန်ထမ်းများ မိသားစုများ နေထိုင်ရာ တန်းလျားများ၊ ရုရှားလူမျိုး ဝန်ထမ်းများအတွက် အိမ်များ၊ အလုပ်သမားများအတွက် တန်းလျားများမှာ တည်ဆောက်ပြီးစီးနေပြီ ဖြစ်သည်။ မျှော်စင်ကဲ့သို့ အဆောက်အဦမှာ ဆောက်လုပ်နေဆဲ ဖြစ်ပါသည်။ (ဓါတ်ပုံများနှင့် မြေပုံကို ကြည့်ပါ။) တဖက်ချောင်းကို ဆည်ဖို့၍ ဆည်ရေကို စက်ရုံဝင်းအတွင်းရှိ ကန် ၂–ခုသို့ လွှဲပြောင်းသိုလှောင် နေသည်။[၂၁]

စက်ရုံကို ၁၀–ပေအမြင့် နံရံ ၂–ထပ်ဖြင့် အထူးလုံခြုံစွာ ကာရံထားပါသည်။ နံရံ တခုနှင့်တခုမှာ ကိုက် ၅၀ ကွာခြားပါသည်။ (ဓါတ်ပုံဖော်ပြထားသည်။) နံရံ ၂–ခုအကြားတွင် နောက်ထပ်ခြံစည်းရိုး တထပ်ကာရံ ထားပါသည်။ ဟိုပုန်းအခြေစိုက် စစ်မြေပြင် အင်ဂျင်နီယာတပ်ရင်း အမှတ် (၉၀၃)၊ တောင်ကြီး အခြေစိုက် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် (ရပခ)၊ ဟိုပုန်း အခြေစိုက် တိုင်းဗဟိုအမှတ် (၃) လေ့ကျင့်ရေးတပ်ရင်း တို့က စက်ရုံ၏ လုံခြုံရေးကိစ္စအဝဝကို တာဝန်ယူထားကြပါသည်။ အခြေအနေပေါ် မူတည်၍ စောင့်ကြပ် သည့် စစ်သားအင်အား အရေအတွက် အတိုးအလျှော့ရှိသည်။ ဥပမာအားဖြင့်– စစ်ဗိုလ်ချုပ်တဦးက လာရောက် စစ်ဆေးကြည့်ရှုမည်၊ သို့မဟုတ် တိုက်ပွဲများ ဖြစ်ပွားနေသည်ဆိုပါက စစ်သားများ ပို၍ ချထားစောင့်ကြပ်စေပါသည်။ ၂၀၀၉ ခုနှစ်၊ မေလက အလားတူ တိုက်ပွဲများဖြစ်နေစဉ် စစ်သားများ တိုး၍ ချထားခဲ့သည်။ စက်ရုံဝင်း၏ နံရံ ၂–ခု အတွင်းတွင် လုံခြုံရေးတဲများ ရှိပြီး၊ စက်ရုံဘေးတွင် စစ်တပ်မိသားစုများ အခြေချနေထိုင်ရာ ခြံဝင်းရှိနေပါသည်။ (မြေပုံကို ကြည့်ပါ။) ၂၀၀၇ ခုနှစ်မှစတင်၍ စက်ရုံလုံခြုံရေး စောင့်ကြပ်ကြသူ စစ်သားများက အရပ်ဝတ်ကိုသာ ဝတ်ဆင်ကြပါတော့သည်။

*"ပထမဦးဆုံး သူတို့စက်ရုံလာ အခြေချခါစကတော့ သူတို့က စက်ရုံပတ်ဝန်းကျင်မှာ နံရံတထပ်ပဲ ကာကြတယ်။ နောက်ပိုင်းတော့ စက်ရုံနေရာကို တိုးချဲ့လာတယ်။ နောင်ကာကယ်ကျေးရွာမှာ အိမ် ၁၁ လုံး၊ နောက် သနပ်ဖက်နဲ့ ပြောင်းစိုက်ခင်းတွေလည်း ခြံစည်းရိုး ထပ်ချဲ့ကာဖို့ ဖျက်ဆီးခံ လိုက်ရတယ်။"* ဟု ရွာသားတဦးက ပြောပြသည်။[၂၂]

အစီရင်ခံစာများအရ စက်ရုံအတွက် လောင်စာကို နေရာမျိုးစုံမှ ရယူမည်ဟု သိရသည်။ မြန်မာနိုင်ငံ အလယ်ပိုင်း၊ မကွေးတိုင်းမှ သဘာဝဓါတ်ငွေ့ပိုက်လိုင်းကို ပင်းပက်တောင်အထိ သွယ်တန်းပြီးစီးပြီဟု ဆိုသည်။ သို့ဖြစ်ရာ သဘာဝဓါတ်ငွေ့ ၈ သန်း ကုဗတန်ကို ပို့လွှတ်နိုင်မည်ဖြစ်ပြီး၊ လျှပ်စစ်ဓါတ်အား ၂၀ မဂ္ဂါဝပ်ကို ထုတ်လွှတ်နိုင်မည်ဟု ဆိုသည်။[၂၃] သို့သော်လည်း အစိုးရထုတ် မြန်မာ့အလင်း သတင်းစာ အရ ပင်းပက်သတ္တုတွင်းကို ကျိုင်းတောင်းရေတံခွန် ရေအားလျှပ်စစ်စီမံကိန်းမှ ထုတ်လုပ်မည့် ၅၄ မဂ္ဂါဝပ် ရေအားလျှပ်စစ်စက်ရုံမှ ထောက်ပံ့မည်ဟုလည်း ဆိုသည်။ ဤရေအားလျှပ်စစ် စက်ရုံမှာ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလက တရားဝင်ဖွင့်လှစ်ခဲ့ပြီး ဖြစ်သည်။[၂၄] တောင်ကြီးမှ ပင်းပက်သို့ လျှပ်စစ်ဓါတ်အား သယ်ပို့ကြိုးလိုင်းများကို ၂၀၀၉ ခုနှစ်၊ မေလတွင် တပ်ဆင်ပြီး ဖြစ်သည်။ ထို့မျှမက တီကျစ်ကျောက်မီးသွေး ဓါတ်အားစက်ရုံမှ ဓါတ်အား ၆၅– မဂ္ဂါဝပ် ကိုလည်း အသုံးပြုမည်ဟု ဆိုသည်။ တီကျစ်ကျောက်မီးသွေး

ဓါတ်အားပေးစက်ရုံသည် ရှမ်းပြည်နယ် တောင်ပိုင်း၊ ကလောမြို့အနီး ၂၂–မိုင် အကွာရှိ မြန်မာနိုင်ငံ၏ အကြီးဆုံးကျောက်မီးသွေးဓါတ်အားပေးစက်ရုံ ဖြစ်သည်။[၂၅]

၂၀၀၆ ခုနှစ်တွင်၊ ရုရှားအစိုးရပိုင် **(Tyazhpromexport)** ကုမ္ပဏီက ထုတ်ပြန်ကြေညာခဲ့ရာတွင် အမေရိကန်ဒေါ်လာ ၁၅၀ သန်းတန် စီမံကိန်းဆိုင်ရာ ပစ္စည်းများ ထောက်ပံ့ပေးမည်ဟု သဘောတူညီခဲ့သည်ဟု ဆိုသည်။[၂၆] ကျေးရွာလူထုများ၏ အပြောအရ ၂၀၀၆ ခုနှစ်မှ စတင်၍ ရုရှားလူမျိုး ဝန်ထမ်းများကို စက်ရုံတည်ဆောက်သည့်နေရာတွင် စတင်တွေ့ရှိကြရသည်ဟု ဆိုသည်။[၂၇] ယခုအခါ ရုရှားလူမျိုး ၄–ဦးမှာ စက်ရုံလုပ်ငန်းအတွင်း နေထိုင်လျှက် ရှိသည်။ (အခြားဝန်ထမ်းများမှာ ဝင်လိုက်– ထွက်လိုက် သွားလာလျှက် ရှိပါသည်။) ရုရှားလူမျိုးများ နေထိုင်ရာခြံဝင်းမှ တဖက်ခြမ်းတွင်မူ ရွာသားများက “အီတလီရုံး” ဟု ခေါ်ဆိုနေကြသည့် နေရာရှိသည်။ အီတလီလူမျိုးများက ယခုကာလတိုင် စက်ရုံတွင် အခြေချနေထိုင်လာခြင်း မရှိသေးသော်လည်း ပအိုဝ်းလူငယ်အစည်းအရုံးကမူ ၎င်းအီတလီကုမ္ပဏီမှာ အီတလီနိုင်ငံမှ ဒယ်နီရယ်လီကုမ္ပဏီ **(Danieli Company)** ဖြစ်မည်ဟု ယုံကြည်နေပါသည်။ (ပါဝင်ပတ်သက်နေသည့်ကုမ္ပဏီများတွင် ကြည့်ပါ။)



ပင်းပက်တောင်ခြေရှိ ရုရှားနှင့် မြန်မာစစ်အရာရှိ များ၏ နေအိမ်များ။ (ဓါတ်ပုံ–၂၀၀၇ ဒီဇင်ဘာလ)



သံစက်ရုံအတွင်း တည်ဆောက်ရေးလုပ်ငန်းခွင် တခု။ ၎င်းလုပ်ငန်းခွင်ကို ကာရံထားသောနံရံသည် (နောက်တွင် မြင်နေရသည်) စတင် တည်ဆောက်လျှက်ပင် ရှိသေးသည်။ (ဓါတ်ပုံ–၂၀၀၇ ဒီဇင်ဘာလ)



သံသတ္တုစက်ရုံအနီးရှိ
စေတီ၊ ယင်းစေတီသည်
စက်ရုံနံရံ နှစ်ထပ်၏
ပြင်ဘက်တွင်
တည်ရှိသည်။ (ဓာတ်ပုံ
ဖေဖော်ဝါရီလ ၂၀၀၉)



၂၀၀၉ ခုနှစ်၊
ဖေဖော်ဝါရီလတွင်
မြင်တွေ့ရသော
တည်ဆောက်ဆဲ
ပင်းပက် သံစက်ရုံ



ကျိုင်းတောင်းရေအား
လျှပ်စစ်စီမံကိန်းမှ
ပင်းပက်တောင်သို့
လာသော ဓါတ်အား
ကြိုးလိုင်းများ။
(ဓါတ်ပုံ–၂၀၀၉ မေလ)

ဤစက်ရုံသည် မြန်မာနိုင်ငံတွင် သံကို သန့်စင်သည့် ဒုတိယစက်ရုံ ဖြစ်ပါလိမ့်မည်။ ယခုအခါ တခုတည်းသော သံကြိုစက်ရုံမှာ ပြင်ဦးလွင်မြို့ အနီးစခန်းရှိ အစိုးရပိုင် အမှတ်–၁ သံနှင့် သံမဏိစက်ရုံ ဖြစ်ပါသည်။ အနီးစခန်းတွင် ကြိုချက်နေသည့် သံရိုင်းများကို ရှမ်းပြည်နယ် နယ်စပ်ကပ်လျက်ရှိသော အနီးစခန်း၏ အရှေ့တောင်ဖက် ၄၀ ကီလိုမီတာ အကွာရှိ ကျပ်ဝင်းရေး သံမိုင်းမှတဆင့် ရရှိပါသည်။ အနီးစခန်း သံစက်ရုံကို အီတလီကုမ္ပဏီ ဒယ်နီရယ်လီကုမ္ပဏီ (Daieli) က ၁၉၈၀ ခုနှစ်များ အစောပိုင်းတွင် တည်ဆောက်ပေးခဲ့ပြီး၊ ယခုအခါ ဒေသပညာရှင်များနှင့်ပင် ပြန်လည်မွမ်းမံ ပြင်ဆင်မှုများ ပြုလုပ်နေပါသည်။ သတင်းများအရ တနှစ်လျှင် သံကြွပ်တန်ချိန် ၅၀,၀၀၀ အထိ၊ နှစ်ဆတိုး၍ ထုတ်လုပ်နိုင်ရန် လျာထားသည်ဟု သိရပါသည်။[၂၈]


## ပင်းပက် ဘိလပ်မြေစက်ရုံ


ဘိလပ်မြေစက်ရုံနေရာရှိ ကမ္ဘောဇစီမံကိန်းရုံး

၂၀၀၇ ခုနှစ်တွင် ပင်းပက်ဘိလပ်မြေစက်ရုံ တည်ဆောက်ရန် တိုင်းထွာစမ်းသပ်ရေးရုံကို စတင်ထားရှိခဲ့ပါသည်။ ဤရုံးကို ပင်းပက်တောင်၏ အရှေ့တောင်ဖက်၊ နောင်ချိုနှင့် ဖောင်တော်ဆွိုက်ကျေးရွာ အကြားတွင်၊ သံစက်ရုံနှင့် ၃ မိုင် အကွာ၌ ဤရုံးကို ထားရှိစမ်းသပ်စေခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် ကွင်းဆင်းလေ့လာချက်များအရ စက်ရုံတည်ဆောက်ရေးနှင့် ပတ်သက်၍ တိုးတက်မှု အနည်းငယ်သာရှိကြောင်း သိရပါသည်။ သို့သော်လည်း ဆိုင်းဘုတ်တခုနှင့် အလံများသာ စက်ရုံတည်ဆောက်မည့်နေရာဟု သတ်မှတ်ကြေညာထားသည်ကို တွေ့ရသည်။ ဤစက်ရုံ တည်ဆောက်မည့် မြေအကျယ်အဝန်းသည် ဧက ၄,၀၀၀ ခန့် ရှိနိုင်သည်။[၂၉] ဒေသခံလူထုများ၏ အဆိုအရ ၎င်းကုမ္ပဏီသည် ဘဏ္ဍာရေးအရ အကျပ်အတည်းတွေ့လျက် ရှိပြီး၊ ဆောက်လုပ်ရေး လုပ်ငန်းများ ရပ်ဆိုင်းနေသည်ဟု ဆိုပါသည်။ အကယ်၍ ဆောက်လုပ်ပြီးစီးပါက ခန့်မှန်းတနေ့လျှင် ဘိလပ် မြေ ၅၆,၀၀၀ အိတ်ကို ထုတ်လုပ်နိုင်လိမ့်မည်ဟု သိရသည်။

ပင်းပက် ဘိလပ်မြေစက်ရုံသည် ကမ္ဘောဇဆောက်လုပ်ရေးကုမ္ပဏီ လီမိတက်၏ စီမံကိန်း ဖြစ်ပါသည်။ ၎င်းက အမေရိကန်ဒေါ်လာ သန်း ၆၀ ခန့် ရင်းနှီးမြှုပ်နှံထားသည်ဟု သိရပါသည်။[၃၀] စက်ရုံကို ၂၀၁၀ ခုနှစ်၊ ဩဂုတ်လတွင် အပြီးတည်ဆောက်ရန် လျာထားပြီး၊ ဒေသခံပြည်သူများက သတ်မှတ်လျာထားသည့် ကာလအတွင်း ပြီးစီးနိုင်မည်မဟုတ်ဟု သံသယ ရှိနေကြပါသည်။[၃၁]

## ပင်းပက် ဘီလပ်မြေစက်ရုံ မြေပုံ




## ယူရေနီယံ ထုတ်ယူမည်ဟု သံသယရှိဖွယ် အခြေအနေများ

မြန်မာနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနက မြန်မာနိုင်ငံတွင် ယူရေနီယံတွေ့ရှိနိုင်သည့် သိုက် ၅– ခု ရှိသည်ဟု တရားဝင်ကြေညာထား ပါသည်။ သို့သော်လည်း ဤသတ္တုသိုက်များမှ တူးဖော်ထုတ်လုပ်နေခြင်း ရှိ–မရှိကိုမူ တရားဝင် လူသိရှင်ကြား ထုတ်ပြန်ကြေညာခြင်း မရှိပါ။ ဤသတ္တုသိုက် နေရာ ၅– ခုတွင် ပင်းပက်ဒေသ မပါဝင်သော်လည်း၊ အခြားသတင်းဌာနများ အဆိုအရ တောင်ကြီးမြို့ အနီးတဝိုက်၌ ယူရေနီယံ တည်ရှိနေသည်ဟု ဆိုကြပြီး၊ ပင်းပက်တောင် စီမံကိန်းသည် ယူရေနီယံ တူးဖော်မည်ဟု ခန့်မှန်းတွက်ချက် ပြောဆိုနေကြပါသည်။[၂၂] ဒေသခံလူထုများ အဆိုအရ လိုင်းငေါက်ရွာ၏ အနောက်တောင်ဖက် တောင်ပေါ်တွင် ယူရေနီယံထွက်သည်ဟု ဆိုကြသည်။ ဤနေရာကို ဒေသခံများက "ကောင်ကျူ" တနည်း "တောင်ချွန်" ဟု ခေါ်ကြပြီး၊ ခန့်မှန်း မြေပုံညွှန်း 20°42'13.33"N 97° 6'12.13"E နှင့် 20°42'43. 27" N 97° 7'40.24"E. တွင် တည်ရှိပါသည်။[၂၃] တောင်ပေါ်တွင် စစ်စခန်း ဆောက်လုပ်ထားပြီး၊ ကျေးရွာလူထုများကို ထိုနေရာသို့ မဝင်ရန်အတွက် တားမြစ်ထားပါသည်။ ထင်းကောက်ရန်အတွက်ပင် လာရောက်ခွင့် မပေးပါ။

အချို့သော ရွာသားများ အဆိုအရ ပင်းပက်သတ္တုတွင်း စီမံကိန်းမှ ဝန်ထမ်းများက ဤနေရာတွင် ယူရေနီယံ ရှိနေသည်ဟု သူတို့ကို ပြောပြကြကြောင်း၊ ယခုစက်ရုံများမှာ သံရိုင်းရော၊ ယူရေနီယံကိုပါ ရှာဖွေထုတ်လုပ်ကြမည်ဖြစ်ကြောင်း ပြောပြသည်ဟု ဆိုသည်။[၂၄] ရွာသားတဦးက ပြောရာတွင် "*ကျနော် သိသလောက်တော့ ပင်းပက်စီမံကိန်းမှာ ယူရေနီယံထုတ်ဖို့ကိစ္စပါ ပါဝင်နေတယ်။ ကျနော်က စီမံကိန်း ဝန်ထမ်းတွေဆီက ကိုယ်တိုင်ကြားခဲ့တာ*" ဟု ဆိုသည်။[၂၅] ၎င်းရွာသားကပင် ယခုစီမံကိန်းတွင် လုပ်ကိုင်နေသူ ရုရှားလူမျိုးတဦးမှာ ယူရေနီယံဒြပ်စင်နှင့် ပတ်သက်၍ အထူးကျွမ်းကျင်သူဟု ဆိုပါသည်။[၂၆]

၂၀၀၇ ခုနှစ်၊ မေလ ၁၅ ရက်နေ့၊ ရုရှားနိုင်ငံတော်ပိုင် (Tyazhpromexport) ကုမ္ပဏီက ပင်းပက်သတ္တုတွင်းကို ကူညီထောက်ပံ့ပေးမည်ဟု ကြေညာခဲ့ပြီး တနှစ်အကြာတွင် ရုရှားနိုင်ငံ၏ အဏုမြူစွမ်းအင် အေဂျင်စီ (ရိုဆာတွမ်) (Rosatom) က မြန်မာနိုင်ငံတွင် အဏုမြူဓါတ်ပေါင်းဖို တခုအပါအဝင် အဏုမြူသုတေသန လုပ်ငန်းများအတွက် ပူးပေါင်းဆောင်ရွက်ရန်နှင့် တည်ဆောက်ပေးရန် သဘောတူညီချက်ရပြီဟု ထုတ်ပြန်ကြေညာခဲ့သည်။[၃၇] ဤပဏာမ ကြေညာချက် ပြုခဲ့သော်လည်း နောက်ပိုင်းတွင် အဏုမြူဓါတ်ပေါင်းဖို တည်ဆောက်မည့်နေရာ၊ တိုးတက်မှုအခြေအနေများကို လူသိရှင်ကြား ဆက်လက်ထုတ်ပြန်ပေးခဲ့ခြင်း မရှိပါ။

ယူရေနီယံ သတ္တုမိုင်းတူးဖော်မည်ဟု လူသိရှင်ကြား ထုတ်ပြန်ကြေညာမှု မရှိသလို၊ ယူရေနီယံကို ပြည်ပမှ တင်သွင်းမည်၊ အဏုမြူဓါတ်ပေါင်းဖို မည်သည့်အခြေအနေ ဆိုက်နေသည်ကို လူသိရှင်ကြား တရားဝင် မသိရသောကြောင့် ပင်းပက်စီမံကိန်းများအပေါ် လူအများက ပို၍ သံသယတိုးလာနေကြပါသည်။ သံစက်ရုံနှင့် ဘိလပ်မြေစက်ရုံသာ မဟုတ်၊ အခြားကိစ္စလည်း ဖြစ်မည်ဟု ထင်နေကြပါသည်။ ရွာသားများက အထူးစိုးရိမ် ကြောက်ရွံ့နေကြပါသည်။

*“ကျမထင်တာကတော့ စက်ရုံမှာ ကျမ အလုပ်လုပ်ခွင့်ရမှာ မဟုတ်ပါဘူး။ အကြောင်းက ကျမကြားတာ သူတို့က အဏုမြူစက်ရုံ တည်ဆောက်မယ် ပြောနေတာကိုး။ ကျမကြားတာ အစိုးရက တခြားနိုင်ငံတွေမှာ ကျောင်းသားတွေကို အဏုမြူပညာ လေ့လာဖို့ စေလွှတ်ထားတယ် ပြောတယ်။ ကျမစက်ရုံမှာ ဘာမှ လုပ်လို့ရမယ် မထင်ပါဘူး။ ကျမက လယ်ပဲ လုပ်တတ်တာ။ သူတို့က ယူရေနီယံထုတ်ဖို့ လုပ်နေတယ်ဆိုရင်တော့ ကျမတို့တော့ ပြဿနာပဲ။ ကျမတို့ ရွာလည်း လုံခြုံရာကို ပြောင်းရွှေ့ရလိမ့်မယ်။”* ဟု ပြောသည်။[၃၈]

ပအိုဝ်းလူငယ်အစည်းအရုံးက ပင်းပက်တောင်တွင် ယူရေနီယံ တူးဖော်နေသည်ဟု အတည်ပြုနိုင်ခြင်း မရှိပါ။ အခြား နောက်ထပ် လေ့လာမှုများ လိုအပ်မည် ဖြစ်ပါသည်။

## စီမံကိန်းဒေသ၌ မြန်မာစစ်တပ်တိုးချဲ့ ချထားမှုများ

၁၉၉၁ ခုနှစ်မှ စတင်၍ ပင်းပက်တောင်အနီးတဝိုက်ရှိ တောင်ကြီးနှင့် ဟိုပုန်းမြို့များတွင် စစ်တပ်များ တိုးချဲ့ချထားခဲ့ပါသည်။ ယခင်က စစ်တပ်များ မရှိသောနေရာတွင် စစ်အခြေစိုက်စခန်း ၅–ခုကို တည်ဆောက်ခဲ့သည်။ တောင်ကြီးမြို့သည် မြန်မာစစ်တပ်၏ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အခြေစိုက်ရာ နေရာ ဖြစ်ပါသည်။

၁၉၉၂ ခုနှစ်တွင် တောင်ကြီးနှင့် ပင်းပက်တောင်အကြားတွင် မဲ့င်းတောင်ကျေးရွာ၌ ဆက်သွယ်ရေးတပ်ရင်း အမှတ် (၂၁၂) ကို အခြေချခဲ့သည်။ ထိုနှစ်တွင်ပင် တိုင်းဗဟိုအမှတ် (၃) လေ့ကျင့်ရေးတပ်ကို ဟိုပုန်းမြို့ အရှေ့မြောက်ဖက်တွင် တည်ဆောက်ခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်း အမှတ် (၉၀၃) ကို ၎င်းဒေသ၌ပင် တည်ဆောက်ခဲ့သည်။



ဟိုပုန်းအနီးရှိ တပ်မတော် ကွန်ပြူတာနှင့် သိပ္ပံနည်း ပညာကောလိပ်


စစ်တပ်ဆိုင်ရာ တက္ကသိုလ် ၂–ခုဖြစ်သည့် ကွန်ပြူတာနှင့် နည်းပညာသိပ္ပံတက္ကသိုလ်ကို မုံင်းတောင်ကျေးရွာ၌လည်းကောင်း၊ တပ်မတော် ကွန်ပြူတာနှင့် နည်းပညာသိပ္ပံကောလိပ်ကို ဟိုပုန်းမြို့ အနီးတွင်လည်းကောင်း ၂၀၀၄ ခုနှစ်တွင် တည်ထောင်ခဲ့ကြပါသည်။ ထိုကောလိပ်မှ အချို့သောအရာရှိများက ပင်းပက်စီမံကိန်းတွင် အလုပ်လုပ်နေကြပါသည်။ တပ်မတော် ကွန်ပြူ တာနှင့် နည်းပညာသိပ္ပံကောလိပ်မှ စစ်တပ်အရာရှိ အချို့သည် ရုရှားနိုင်ငံတွင် ပညာလေ့လာခဲ့ကြသူများဖြစ်ပြီး၊ ရုံဖန်ရုံခါ စက်ရုံတွင်လည်း အလုပ်လုပ်နေကြောင်း သိရပါသည်။ ကျေးရွာသားတဦးက ပြောပြရာတွင် *“အချို့ ရုရှားမှာ ကျောင်းပြီး လာခဲ့တဲ့သူတွေက နည်းပညာကောလိပ်မှာလည်း အလုပ်လုပ်တယ်။ ပြောရမယ်ဆိုရင် ဗိုလ်အောင်ထွန်းလေး တို့၊ ဗိုလ်ဇာနည်မင်းပိုင် တို့ ဆိုရင် ပခုံးမှာ ၃– ပွင့်တင်ထားတဲ့ ဗိုလ်တွေပဲ။”* ဟု ပြောပြသည်။[၃၉]

ဤစစ်စခန်းများ အားလုံးသည် ၁၉၉၁ ခုနှစ်က ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) နှင့် အပစ်အခတ်ရပ်စဲစဉ်က သူတို့အုပ်ချုပ်စေရန် အပ်နှင်းထားသော ဒေသများဖြစ်ကြသည်။ တိုင်းရင်းသား အပစ်ရပ်အဖွဲ့များကို အပစ်ရပ်သဘောတူညီချက်အရ အပ်နှင်းထားသော အုပ်ချုပ်ခွင့်ကို သရော်စော်ကားသည့်သဖွယ်ဖြစ်နေသကဲ့သို့၊ ၂၀၀၇ ခုနှစ် အမျိုးသားညီလာခံ သဘောတူညီချက်များနှင့်လည်း လွဲချော်ဆန့်ကျင်နေပါသည်။

## ပါဝင်ပတ်သက်သော ကုမ္ပဏီများ

(နအဖ) စစ်အစိုးရ၏ လျှို့ဝှက်သိုသိပ်လွန်းမှုနှင့် သတင်းများ ကန့်သတ်ချုပ်ချယ်ထားမှု၊ ရင်းနှီးမြှုပ်နှံမှုများနှင့် ပတ်သက်၍ အားကိုးရသည့် အချက်အလက် သတင်းများရရှိရန် ခက်ခဲသောကြောင့် ပင်းပက်စီမံကိန်းများအကြောင်း ဖော်ပြရာတွင် လွန်စွာအခက်အခဲ ရှိပါသည်။ မြန်မာသတင်းစာများနှင့် နိုင်ငံတကာ သတင်းများအရ၊ ဒေသခံပြည်သူများ၏ သတင်းများအရ ပအိုဝ်းလူငယ်အစည်းအရုံး (PYO) က ယခုစီမံကိန်းတွင် ပါဝင်ပတ်သက်နေသည့် ကုမ္ပဏီများကို ရနိုင်သမျှ ဖော်ထုတ်နိုင်ခဲ့ပါသည်။

ရုရှားနိုင်ငံမှ (Tyazhpromexport) ကုမ္ပဏီ၊ မြန်မာနိုင်ငံမှ ကျော်သာကုမ္ပဏီနှင့် ကမ္ဘောဇ တည်ဆောက်ရေး ကုမ္ပဏီလီမိတက်၊ ဝင်းနား စူပါ ဒိုင်းမွန်း (Winner Super Diamond Co. Ltd.) ကုမ္ပဏီ လီမိတက်နှင့် မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်း (MEC) များ ပါဝင်ပတ်သက်နေကြသည်ဟု ဆိုသည်။ အီတလီနိုင်ငံမှ ဒယ်နီရယ်လီကုမ္ပဏီ (Danieli) သည်လည်း ယခုစီမံကိန်းများတွင် ပါဝင်ပတ်သက်နေသည်ဟု ပအိုဝ်းလူငယ်အစည်းအရုံးက ယူဆပါသည်။ ဤကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုနှင့် သူတို့၏ အခန်းကဏ္ဍ အတိအကျ၊ သူတို့၏ လုပ်ပိုင်ခွင့်များ အကြောင်း သိနိုင်ရေးမှာ အကန့်အသတ်ရှိပါသည်။ (အောက်တွင် ကြည့်ပါ။)



ပင်းပက်သံမိုင်းစီမံကိန်း ဧရိယာများ (ကုမ္ပဏီက ရေးဆွဲဖော်ပြသောမြေပုံ)

## (Tyazhpromexport) ကုမ္ပဏီ

ရုရှား အစိုးရပိုင် ကုမ္ပဏီဖြစ်သည်။ ပင်းပက် သံစက်ရုံအတွက် ပံ့ပိုးမှုများပေးနေပြီး၊ အမေရိကန်ဒေါ်လာ သန်း ၁၅၀ နှင့် ညီမျှသော ရင်းနှီးမြှုပ်နှံမှု ပြုထားပါသည်။[၆၀] ၁၉၅၇ ခုနှစ်တွင် ၎င်းကုမ္ပဏီကို တည်ထောင်ခဲ့ပြီး၊ မော်စကိုမြို့တွင် ရုံးချုပ်အခြေစိုက် ပါသည်။ (Tyazhpromexport) ကုမ္ပဏီသည် နိုင်ငံရပ်ခြားအထိ လုပ်ကိုင်သော ဖက်ဒရယ်–ပြည်နယ် တဦးတည်းပိုင် စီးပွားရေးလုပ်ငန်း ဖြစ်ပြီး၊ နိုင်ငံ ၂၀ ကျော်တွင် ရုံးဖွင့်၍ လုပ်ငန်းများ ဆောင်ရွက်နေပါသည်။ ဤကုမ္ပဏီက သံ မဟုတ်သော သတ္တုသိုက်များ တူးဖော် ထုတ်လုပ်ရေးနှင့် ပတ်သက်၍ အထူးကျွမ်းကျင်မှု ရှိပြီး၊ သံနှင့် သံ မဟုတ်သော သတ္တုများ ထုတ်လုပ်ခြင်းအတွက် စက်ပစ္စည်းများ တင်သွင်းခြင်း၊ တင်ပို့ရောင်းချခြင်း ပြုနေပါသည်။ (Tyazhpromexport) ကုမ္ပဏီက အိန္ဒိယ၊ ပါကစ္စတန်၊ အီဂျစ်၊ တရုတ် နိုင်ငံနှင့် ကျူးဘားနိုင်ငံများတွင် သံနှင့် သံမဏိစက်ရုံများ တည်ထား ပါသည်။[၆၁]

## မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်း (Myanmar Economic Corporation--MEC)

မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်း (MEC) သည် ပင်းပက်သံသတ္တုတွင်းမှ ပို့လွှတ်ထုတ်လုပ်စေမည့် သံမဏိစက်ရုံတွင် ပါဝင်ပတ်သက်နေသည်ဟု သိရှိရသည်။[၆၂] စစ်တပ်မှ အငြိမ်းစားယူထားသော ဗိုလ်မှူး (ငြိမ်း) သန်းထွန်းက သံမဏိစက်ရုံအတွက် တာဝန်ရှိသည့် အရာရှိကြီးတဦး ဖြစ်သည်။ ၎င်းက မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်း (MEC) တွင်လည်း အလုပ်လုပ်ကိုင်ခဲ့သည်။ ယခု စီမံကိန်းတွင် ပါဝင်ပတ်သက်နေကြသည့် ကုမ္ပဏီများနှင့် မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်း (MEC) က ဖက်စပ်စာချုပ်များ ချုပ်ဆိုခဲ့ခြင်း ရှိ–မရှိကိုမူ သေချာ မသိရှိပါ။

မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်း (MEC) သည် ကာကွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ စီးပွားရေး ကုမ္ပဏီ ၂–ခု အနက်မှ တခု ဖြစ်ပြီး၊ မြန်မာနိုင်ငံ၏ အဓိကစီးပွားရေး လုပ်ငန်းများကို လက်ဝါးကြီးအုပ် ချယ်လှယ်လွှမ်းမိုးထားပါသည်။ စီးပွား–ကုန်သွယ် လုပ်ငန်းအားလုံးတွင် မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်း (MEC) က လုပ်ပိုင်ခွင့် ရှိနေပြီး၊ မြန်မာနိုင်ငံရှိ အခြားသော စီးပွားရေး ဥပဒေများ၊ ထိန်းချုပ်မှုများနှင့် ကင်းလွတ်၍ ဆောင်ရွက်ပိုင်ခွင့် ရနေပါသည်။ မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်း (MEC) က ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများမှ ရရှိလာသည့် ဝင်ငွေများကို စစ်အသုံးစရိတ်များအတွက် လွှဲပြောင်းအသုံးပြုနေပြီး၊ စစ်တပ်အတွက် အရင်းအမြစ်များ ရှာဖွေနိုင်အောင် တည်ဆောက်ထားသည့် ကုမ္ပဏီတခု ဖြစ်ပါသည်။ စစ်တပ်အရာရှိ ကြီးများနှင့် ၎င်းတို့၏ မိသားစုဝင်များအတွက် စီးပွားရေး အကျိုးအမြတ် အခွင့်ထူးခံ ရရှိလေအောင် ဆောင်ရွက်ထားသည့်ကုမ္ပဏီ ဖြစ်ပါသည်။[၆၃] ၂၀၀၈ ခုနှစ်၊ ဇူလိုင်လတွင် အမေရိကန်ပြည်ထောင်စု အစိုးရ၊ ဘဏ္ဍာရေးဝန်ကြီးဌာနက မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်း (MEC) ကို စစ်အစိုးရကို ထောက်ခံပံ့ပိုးနေသောကြောင့် ဒဏ်ခတ်အရေးယူရမည့် ကုမ္ပဏီစာရင်းတွင် ထည့်သွင်း ဖော်ပြခဲ့ပါသည်။ စစ်အစိုးရက “မြန်မာပြည်သူများကို စနစ်တကျ ဖိနှိပ်အုပ်ချုပ်နေသောကြောင့်” ဟု အကြောင်းပြ ဖော်ပြထားပါသည်။[၆၄]

## ကျော်သာ ကုမ္ပဏီ လီမိတက်

ကျော်သာ ကုမ္ပဏီလီမိတက်သည် မြန်မာနိုင်ငံရှိ ပုဂ္ဂလိကကုမ္ပဏီတခုဖြစ်ပြီး၊ ပင်းပက်သံစက်ရုံ တည်ဆောက်မှုတွင် ပါဝင်လုပ်ကိုင်နေပါသည်။ ဤကုမ္ပဏီကို ၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး၊ ရန်ကုန်တွင် လက်ရှိ ရုံးစိုက်ပါသည်။ ဤကုမ္ပဏီသည် အင်ဂျင်နီယာလုပ်ငန်းများနှင့် ဆောက်လုပ်ရေး လုပ်ငန်းများ လုပ်ကိုင်နေပြီး၊ ဆေးဝါးပစ္စည်းများ၊ ဆပ်ပြာနှင့် အစွန်းချွတ်ဆေးများကိုလည်း အမှတ် (၁) စက်မှုဝန်ကြီးဌာနနှင့် ပူးတွဲ၍ ထုတ်လုပ်ပါသည်။ ဤကုမ္ပဏီက စိုက်ပျိုးရေးထွက်ကုန်များ၊ ကျွန်းသစ်ကို နိုင်ငံခြားသို့ တင်ပို့သည့်လုပ်ငန်းများလည်း လုပ်ကိုင်ပြီး၊ ဆေးဝါးပစ္စည်းများနှင့် ဓါတုပစ္စည်းများ ပြန်၍ တင်သွင်းပါသည်။[၄၅]

## ကမ္ဘောဇ ဆောက်လုပ်ရေးကုမ္ပဏီ လီမိတက်

ကမ္ဘောဇ ဆောက်လုပ်ရေးကုမ္ပဏီ လီမိတက် (KDC) သည် မြန်မာနိုင်ငံရှိ ပုဂ္ဂလိက ကုမ္ပဏီတခုဖြစ်ပြီး၊ ပင်းပက်ဘိလပ်မြေစက်ရုံတည်ဆောက်မှုတွင် အမေရိကန်ဒေါ်လာသန်း ၆၀ ခန့် ရင်းနှီးမြှုပ်နှံထားပါသည်။[၄၆] ဤကုမ္ပဏီသည် ကမ္ဘောဇဘဏ်၏ ရင်းနှီးမြှုပ်နှံမှု စီမံကိန်းတခုလည်း ဖြစ်ပါသည်။ ကမ္ဘောဇဘဏ်ကို ဆရာကျောင်းဟု လူသိများသည့် ဦးအောင်ကိုဝင်းက တောင်ကြီးတွင် ၁၉၉၄ ခုနှစ်က စတင်တည်ထောင်ခဲ့ခြင်း ဖြစ်သည်။[၄၇] သူက ဩဇာကြီးသော စီးပွားရေးလုပ်ငန်းရှင်တဦး ဖြစ်ပြီး (နအဖ) အဖွဲ့၏ ဒု–ဥက္ကဋ္ဌ ဒုတိယ– ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်လည်း နီးစပ်သူဟု အဆိုရှိကြသည်။[၄၈] ကမ္ဘောဇဘဏ်က လုပ်ငန်းကဏ္ဍအများတွင် ရင်းနှီးမြှုပ်နှံထားပြီး၊ ကျောက်မြက်ရတနာလုပ်ငန်းများ၊ သတ္တုတွင်း တူးဖော်ရေးလုပ်ငန်းများ၊ ကုန်သွယ်ရေးနှင့် ဖြန့်ဝေရေး၊ စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများ စသဖြင့် တွင်လည်း ပါဝင်လုပ်ကိုင် နေပါသည်။[၄၉]

## ဒယ်နီရယ်လီ နှင့် စီ၊ စပါ ကုမ္ပဏီ (Danieli & C. Spa)

ဒယ်နီရယ်လီ ကုမ္ပဏီသည် ပင်းပက် သံရည်ကြိုစက်ရုံ လုပ်ငန်းတွင် ပါဝင်ပတ်သက်နေသည်ဟု ယူဆပါ သည်။ ရှရှာလူမျိုးများ နေထိုင်ရာ တဖက်ခြမ်းရှိ အဆောက်အဦးကြီးသည် ဒေသခံပြည်သူများ၏ အဆိုအရ “အီတလီလူမျိုးများ၏ ရပ်ကွက်” ဟု ဆိုပါသည်။ အီတလီလူမျိုးများက ဤနေရာသို့ လာရောက်ကြည့်ရှုခဲ့ဖူးပါသည်။ ဤကုမ္ပဏီသည် မြန်မာနိုင်ငံတွင် သံနှင့် သံမဏိလုပ်ငန်းကဏ္ဍတွင် ကာလကြာရှည်စွာကပင် လာရောက်လုပ်ကိုင်နေခဲ့သော အီတလီကုမ္ပဏီ တခုဖြစ်ပါသည်။ ၁၉၇၉ ခုနှစ်တွင် ဒယ်နီရယ်လီ ကုမ္ပဏီက မြေပြိုရှိ သံနှင့် သံမဏိစက်ရုံ အမှတ် (၃) သဘောတူစာချုပ်အတွက် သော့ပေးအပ် လက်မှတ်ရေးထိုးသည့်စာချုပ် ချုပ်ဆိုလုပ်ကိုင်ခဲ့သည်ကို တွေ့ရပါသည်။ လျှပ်ကူးအပူပေး သံရည်ကြိုမီးဖိုနှင့် သံမဏိချက်သည့် စက်ပစ္စည်းများ အပါအဝင် ပံ့ပိုးလုပ်ကိုင်ခဲ့ပါသည်။[၅၀] ၂၀၀၇ ခုနှစ်တွင် ဤကုမ္ပဏီက မြန်မာနိုင်ငံတွင် သံမဏိကြိုချက်သည့် လုပ်ငန်း၌ ပါဝင်လုပ်ကိုင်နေကြောင်း ကြေညာချက်ထုတ်ပြန် အတည်ပြုခဲ့သော်လည်း၊ စစ်လက်နက်ပစ္စည်း ထုတ်လုပ်သည့် လုပ်ငန်းများတွင် ပါဝင်ပတ်သက်မှု မရှိနေကြောင်း၊ လက်နက်ထုတ်သည့် လုပ်ငန်းများအတွက် ထောက်ပံ့ပေးခြင်း မရှိကြောင်းလည်း ငြင်းဆိုခဲ့သည်။ ဒယ်နီရယ်လီ ကုမ္ပဏီမှာ ကမ္ဘာပေါ်ရှိ သတ္တုကြိုချက် လုပ်ငန်းများအတွက် စက်ယန္တယားများနှင့် စက်ရုံများ ပံ့ပိုးပေးနေသည့် အကြီးဆုံးကုမ္ပဏီ (၃) ခုတွင် တခုအပါအဝင်ဖြစ်ပြီး၊ နိုင်ငံအများအပြားတွင် ရုံးခွဲများဖွင့်လှစ်ထားပါသည်။ အရှေ့ဖျား ဒယ်နီရယ်လီ ကုမ္ပဏီ (Danieli Far East)သည် ဘန်ကောက်တွင် အခြေစိုက်ပါသည်။

## အပိုင်း (၂)။
## ဒေသခံပြည်သူများအပေါ် ဆိုးကျိုးသက်ရောက်မှုများ

ပင်းပက်တောင် အနီးတဝိုက်ရှိ ဒေသခံပြည်သူများကို ယခုသတ္တုစီမံကိန်း၊ သံစက်ရုံနှင့် ဘိလပ်မြေစက်ရုံ တည်ဆောက်မှုနှင့်ပတ်သက်၍ အသိပေး အကြောင်းကြားခြင်း မရှိသလို၊ ဆုံးဖြတ်ချက်များ ချမှတ်ရာ တွင်လည်း ပါဝင်ခွင့် မပြုခဲ့ပါ။ ယနေ့ကာလတိုင် စီမံကိန်းများနှင့် ပတ်သက်သည့် အစီအစဉ်များ၊ ထိခိုက် ဆိုးကျိုးသက်ရောက်နိုင်မှုများ သတင်းကို အနီးအနားတွင် နေထိုင်ကြသည့် ကျေးရွာလူထုများထံသို့ သော်လည်းကောင်း၊ ပြည်သူလူထုတရပ်လုံးထံသို့ သော်လည်းကောင်း ထုတ်ပြန်ပေးခြင်း မရှိသေးပါ။ ဆိုးကျိုးများ ဖြစ်ပေါ်လာနိုင်မှုနှင့် ပတ်သက်၍ ကျေးရွာလူထုများ၏ တင်ပြချက်များကိုလည်း လျစ်လျူရှု ထားခဲ့ပါသည်။ ဒေသခံပြည်သူများထံမှ သက်ရောက်ခံစားနေရသည့် ဆိုးကျိုးများနှင့် ပတ်သက်၍ တင်ပြချက်များကိုလည်း အာဏာပိုင်များက လျစ်လျူရှုထားခဲ့ပါသည်။

ပင်းပက် သံရည်ကြိုစက်ရုံ စတင်တည်ဆောက်သည့်အချိန် ၂၀၀၄ ခုနှစ်မှစ၍ ပင်းပက်တောင်ခြေဒေသ တဝိုက်တွင် နေထိုင်ကြသူ ပြည်သူများသည် အဓမ္မရွှေ့ပြောင်းနေရာချထားခြင်း၊ မြေယာများ သိမ်းဆည်း ခံရခြင်း၊ ပိုင်ဆိုင်မှုပစ္စည်းဥစ္စာများ ဖျက်ဆီးခံရခြင်း၊ သက်မွေးဝမ်းကြောင်းမှု လုပ်ငန်းများ ဆုံးရှုံးရခြင်း၊ ခရီးသွားလာခွင့် ကန့်သတ်ခံရခြင်း၊ ယဉ်ကျေးမှု အမွေအနှစ်များ ဖျက်ဆီးခံရခြင်း၊ အစားအစာနှင့် လောင်စာများ မဖူလုံဖြစ်ရခြင်း စသည့်ဒုက္ခအဖုံဖုံကို ကြုံတွေ့ခဲ့ရပါသည်။ အကယ်၍ ယခုစီမံကိန်းများ သည် ရှေ့ဆက်လည်ပတ်မည်ဆိုပါက အခြားနောက်ထပ်ပြဿနာများလည်း ဆက်လက် ကြုံတွေ့ရရန် ရှိနေပါသည်။ ရေနှင့် လေထုညစ်ညမ်းမှုများလည်း ကြုံတွေ့ခံစားကြရမည် ဖြစ်ပါသည်။ ဒေသခံပြည်သူများ သည် ယခုစီမံကိန်းများမှနေ၍ မည်သည့်အကျိုးအမြတ်မျှ ခံစားခွင့်မရှိသေးပါ။ အနာဂတ်တွင်လည်း ခံစားခွင့်ရရန် မမျှော်မှန်းနိုင်ကြသော အခြေအနေပင် ဖြစ်ပါသည်။


### အဓမ္မပြောင်းရွှေ့ နေရာချထားခြင်းနှင့် အိုးအိမ်မဲ့ရမှုများ

တောင်နှင့် နီးစပ်သည့် ကျေးရွာ ၁၄ ရွာ (စုစုပေါင်း လူဦးရေ ၃,၀၀၀) သည် သူတို့၏ အိမ်များနှင့် လယ်ယာများကို ထာဝရစွန့်ခွာ၍ ပြောင်းရွှေ့ရမည့် အန္တရာယ်နှင့် ကြုံတွေ့နေကြရပါသည်။ လူဦးရေ (၅၀) မှာ ပြောင်းရွှေ့စေရန် အတင်းအကျပ် နှင်ထုတ်ခံခဲ့ကြရပြီး၊ သူတို့ကို လုံလောက်သည့် လျော်ကြေး များလည်း ပေးဆောင်ခြင်း မရှိပါ။ (အောက်တွင် ဖော်ပြထားသည်။) တောင်ဝန်းကျင်ရှိ ကျန်ရှိနေသည့်ရွာ (၁၁)ရွာ၊ (ခန့်မှန်း လူဦးရေ ၄,၀၀၀) မှာလည်း တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများစတင်သည်နှင့် တပြိုင်နက် ပြောင်းရွှေ့ပေးကြရဖွယ် ရှိနေပါသည်။ ခန့်မှန်း ကျေးရွာ (၁၀၀) (ခန့်မှန်း လူဦးရေ ၃၅,၀၀၀)

မှာလည်း သူတို့၏ ရှင်သန်ရပ်တည်ရေးနှင့် လယ်ယာလုပ်ငန်းများအတွက် တဘက်ချောင်းရေကို မှီခို အားထားနေကြရရာ၊ ပတ်ဝန်းကျင်ညစ်ညမ်းမည့်အန္တရာယ်ကြောင့် အထူးဘေးဒုက္ခ ရောက်ရဖွယ် ရှိနေပါသည်။ တဘက်ချောင်းရေသည် သူတို့အတွက် ပင်မရေရ ရှိရာ နေရာဖြစ်သောကြောင့် တချို့က ပြောင်းရွှေ့နေထိုင်ကြရမည့် အခြေအနေ ရှိနေပါသည်။

"လယ်သမားတွေအနေနဲ့ မြေဝယ်ဖို့ ပိုက်ဆံမရှိတဲ့အခါ ကျနော်တို့ဘာသွားလုပ် စားကြမလဲ။ ဘယ်နေရာ မှာပဲဖြစ်ဖြစ်၊ ဘယ်ဒေသမှာ ပဲဖြစ်ဖြစ် ကျနော်တို့ မြေကြီး လိုချင်တယ်ဆိုရင် ဝယ်ကြရ တာပဲ။ ဘယ်သူကမှ အလ ကား မရဘူး။ သူတို့က ကျနော် တို့ကို လျော်ကြေး မပေးဘဲ နှင်ထုတ်လိုက်တဲ့ အခါကျတော့ ဘာသွား လုပ်ကြမှာလဲ။"

၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၀၈ ခုနှစ်၊ မတ်လအတွင်း ကျေးရွာ ၃ ရွာမှ မိသားစု ၁၆ စုသည် ပင်းပက်တောင်ခြေမှ အတင်းအကျပ် ပြောင်းရွှေ့ ပေးခဲ့ရသည်။ စုစုပေါင်း လူ (၅၀) မှာ လုံလောက်သော လျော်ကြေးများ မရရှိဘဲ အိမ်ယာများ ဆုံးရှုံးခဲ့ကြရပါသည်။ ရွှေ့ ပြောင်းခံရသော မိသားစုများမှာ နောင်ကာကယ်ကျေးရွာ (၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ)၊ ကမ်ကော်ကျေးရွာ (၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ)၊ ပုံးစင်ကျေးရွာ (၂၀၀၈ ခုနှစ်၊ မတ်လ) တို့မှ ဖြစ်သည်။ ပုံးစင်ကျေးရွာ မှ လူထုများမှာ လျော်ကြေးလုံးဝ မရရှိသော်လည်း၊ နောင်ကာကယ် နှင့် ကမ်ကော်ကျေးရွာများမှာ အိမ်ထောင်စုတခုလျှင် ပျမ်းမျှ ကျပ် ၂ သိန်းခန့် (အမေရိကန် ဒေါ်လာ ၂၀၀ ခန့်) နှင့် ကျပ်တသိန်းခွဲခန့် (အမေရိကန်ဒေါ်လာ ၁၅၀ ခန့်) အသီးသီး လျော်ကြေး ရရှိခဲ့ကြပါ သည်။ ဤပမာဏသည် မိသားစုများအတွက် အိုးအိမ်ပြန်လည် ဆောက်လုပ်ရန် လုံလောက်သည့်ငွေကြေးမဟုတ်ဘဲ အိမ်ယာသစ်၏



လယ်ယာမြေများတွင် အလံနီများထောင်ထားခြင်းသည် သိမ်းဆည်းမည်ဟု ဖော်ပြထားခြင်း ဖြစ်သည်။ လယ်ပိုင်ရှင်မှာ ဤလယ်ကွက်တွင် ဆက်လက်လုပ်ပိုင် ခွင့် မရှိတော့ပေ။(၂၀၀၈ ဖေဖော်ဝါရီ)

တန်ဖိုးသည် ယခုလျော်ကြေးငွေ ပမာဏ၏ ၁၀ ဆမျှ (ပျမ်းမျှအားဖြင့် ကျပ် ၂–၃ သန်းမျှ) ကုန်ကျမှသာ ပြန်လည်ရရှိနိုင်ပါသည်။

*"လယ်သမားတွေအနေနဲ့ မြေဝယ်ဖို့ ပိုက်ဆံမရှိတဲ့အခါ ကျနော်တို့ ဘာသွားလုပ်စားကြမလဲ။ ဘယ်နေရာမှာပဲဖြစ်ဖြစ်၊ ဘယ်ဒေသမှာပဲဖြစ်ဖြစ် ကျနော်တို့မြေကြီးလိုချင်တယ်ဆိုရင် ဝယ်ကြရတာပဲ။ ဘယ်သူကမှ အလကားမရဘူး။ သူတို့က ကျနော်တို့ကို လျော်ကြေးမပေးဘဲ နှင်ထုတ်လိုက်တဲ့ အခါကျတော့ ဘာသွားစားကြမှာလဲ။"* ရွာသားတဦးက ပြောသည်။[၅၁]

ပုံးစင်ကျေးရွာနေ လူအများစုမှာ မိုင်းတောင်ကျေးရွာဟောင်းမှ လွန်ခဲ့သည့် ၁၅–နှစ်က အတင်းအကျပ် ပြောင်းရွှေ့ခံကြရသူများဖြစ်ပြီး၊ ဆက်သွယ်ရေးတပ်ရင်း (၂၀၂) ဆောက်လုပ်စဥ်က နှင်ထုတ်ခံခဲ့ကြရခြင်း ဖြစ်ပါသည်။ ယခုအခါ နှစ်ထပ်ကွမ်း နှင်ထုတ်ပြောင်းရွှေ့ခိုင်းသည်နှင့် ကြုံကြိုက်ရပြန်သည်။ ကျေးရွာ လူထုများမှာ ယခုဖြစ်ရပ်ကြောင့် လွန်စွာဒေါသ ဖြစ်ကြရပါသည်။ အချို့သောသူများက ကျေးရွာ တခုလုံးပင် ပြောင်းရွှေ့ကြရလိမ့်မည်ဟု ယုံကြည်နေကြပါသည်။ သို့သော်လည်း အာဏာပိုင်များက တခါလျှင် လူအနည်းငယ်စီသာ ပြောင်းရွှေ့စေခြင်းဖြင့် ကျေးရွာလူထု၏ ဒေါသမကြီးထွားစေရန် ဗျူဟာ ချ လုပ်ဆောင်နေကြပါသည်။ ဤကျေးရွာသည် စက်ရုံသို့သွားသော ပင်မလမ်း၊ သဘာဝဓါတ်ငွေ့ ပိုက်လိုင်းတို့အပေါ်တွင် တည်ရှိနေသောကြောင့် ပြောင်းရွှေ့ခိုင်းခြင်း ဖြစ်ဟန်တူသည်။ (မြေပုံကို ကြည့်ပါ။)

## မြေယာများ သိမ်းဆည်းခြင်းနှင့် ပိုင်ဆိုင်မှု ပစ္စည်းများ ဖျက်ဆီးခံရခြင်း

*"အခုတော့ ရွာဘေးက ယာခင်းတိုင်းမှာ အစိုးရက အလံတွေလာထူထားတယ်။ ကျနော်ထင်တာကတော့ သူတို့ အဲဒီမြေတွေ အားလုံးသိမ်းယူလိမ့်မယ်။ ကျနော်လည်း ဘာလုပ်ရမှန်း မသိဘူး။ ဘယ်သွားရမှန်းလည်း မသိဘူး။ ကျနော့်မှာလည်း ဒီမြေကွက်ပဲ ရှိတယ်။"* [၅၂]



ပင်းပက်တောင်ခြေရှိ ယာခင်းတခင်းကို ဘူဒိုဇာဖြင့် ရှင်းလင်းခံနေရပုံ။ (၂၀၀၇ ဒီဇင်ဘာ)

မိသားစု တစ်ရာကျော်သည် သူတို့အတွက် အရေးပါလှသည့် မြေဧက ၁၁,၀၀၀ ကျော် သံရည်ကြို စက်ရုံနှင့် ဘိလပ်မြေစက်ရုံ တည်ဆောက်မှုကြောင့် ဆုံးရှုံးခဲ့ကြရပြီး ဖြစ်သည်။ သံရည်ကြိုစက်ရုံအနီး တောင်ခြေအနီးရှိ မြေများအားလုံး၏ အကျယ်အဝန်း မှာ ဧက ၇,၀၀၀ မျှ ရှိပါသည်။[၃၃] ၂၀၀၄ ခုနှစ်နှင့် ၂၀၀၈ ခုနှစ်အကြားတွင် ကျေးရွာ ၁၁ ရွာနှင့် မြို့နယ်များမှ မြေပိုင်ရှင် ၁၂၄ ဦးသည် ယခုဖော်ပြသည့် စီမံကိန်း ၂ ခုအနက် တခုခုအတွက် သူတို့၏ မြေများသိမ်းဆည်းခံခဲ့ကြရပါသည်။ (နောက်ဆက်တွဲ ၃ ကို ကြည့်ပါ။) အချို့သော မြေပိုင်ရှင်များသည် လွန်ခဲ့သည့် ၁၅ နှစ်၊ မုံ်းတောင်ကျေးရွာတွင် လယ်ယာများ သိမ်းဆည်းခံရပြီးဖြစ်၍ ပြောင်းရွှေ့အခြေချ နေလာကြသူများလည်း ဖြစ်ပါသည်။ လူအများစုမှာ မည်သည့်လျော်ကြေးငွေမျှ ရရှိခြင်း မရှိကြပါ။

စက်ရုံ (၂) ခုအကြားရှိ မြေများကိုလည်း စစ်တပ်စခန်း ဆောက်လုပ်ရန်အတွက် သိမ်းယူခဲ့ပါသည်။ ရွာသား အများစုမှာ မူလက တဧကလျှင် ကျပ် (၂,၀၀၀) (အမေရိကန် ၂ ဒေါ်လာမျှ) လျော်ကြေးပေး မည်ဟု ကြားသိခဲ့ရသော်လည်း မည်သည့် လျော်ကြေးငွေမျှ ရရှိခဲ့ခြင်း မရှိပါ။[၃၄] *“အရူးစကားပဲ။ ကျနော်တို့က မြေတဧကကို ၂,၀၀၀ ကျပ်နဲ့ ဝယ်လို့ရမယ်ဆိုရင် မြန်မာ တနိုင်ငံလုံးက မြေတွေကိုတောင် ဝယ်ပစ်လိုက်ဦးမယ်”* ရွာသားတဦးက မကျေမနပ်ပြောပြသည်။ [၃၅]

မြေယာများအပြင် ပုံစင်ကျေးရွာ သုသာန်မြေကိုလည်း တောင်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မယက) ဥက္ကဋ္ဌ ဦးကျော်စွာနှင့် ပင်းပက်သတ္တုတွင်းအရာရှိ ဦးအောင်အောင်တို့က သိမ်းယူခဲ့ကြပါသည်။

*“သူတို့ကလာပြီး ကျနော်တို့ကျေးရွာ သုသာန်ကို ပိတ်ပစ်ဖို့ အမိန့်ပေးတယ်။ နောက်ထပ် ဆက်ပြီး လူသေမမြှုပ်တော့ဖို့ တားမြစ်တယ်။ ကျနော်တို့က တခြားနေရာ သွားမြှုပ်ရမယ်လို့လည်း ပြောတယ်။ ဒီနေ့ (၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅) က နောက်ဆုံးလို့ ပြောထားတဲ့ နေ့ပဲ။”* ရွာသားတဦးက ရှင်းပြသည်။ [၃၆]

သိမ်းဆည်းထားသော မြေများကို အမှတ်အသားပြုရန်အတွက် အာဏာပိုင်များက အလံများ ထူထားပါသည်။ အကယ်၍ မြေကွက်ပေါ်တွင် အဝါရောင် အလံထူထားသည်ဆိုပါက ဤမြေကို သိမ်းဆည်းမည်ဖြစ်သော်လည်း၊ မြေပိုင်ရှင်အနေနှင့် ဤမြေပေါ်တွင် ဆက်လက်လုပ်ပိုင်ခွင့် ရှိနေသေး ကြောင်း ဖော်ပြပါသည်။ အကယ်၍ မြေပေါ်တွင် အနီရောင်အလံထူထားပါက မြေကိုသိမ်းပိုက်ပြီးဖြစ်ပြီး၊ ဆက်လက် စိုက်ပျိုးလုပ်ပိုင်ခွင့် မရှိတော့ဟု ဆိုပါသည်။ မြေပိုင်ရှင်များကို ယခုမြေသိမ်းသည့် ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ လူကိုယ်တိုင် မည်သည့်အခါမျှ လာရောက်အကြောင်းကြားခြင်း မရှိသောကြောင့်၊ မည်သည့်အချိန်တွင် မြေသိမ်းဆည်းခံရမည်ကို ခန့်မှန်းတွက်ချက်ရန်လည်း ခက်ခဲလှပါသည်။ လယ်သမား တဦးက အောက်ပါအတိုင်း ရှင်းပြပါသည်။




ပင်းပက် ဘိလပ်မြေစက်ရုံ စီမံကိန်းက မြေဧက ၄၀၀၀ ကျော်ကို ပင်းပက်တောင်ခြေရှိ နောင်ချိုရွာနှင့်
ဖောင်တော်ဆွိုက်ကျေးရွာ အကြား၌ သိမ်းယူခဲ့သည်။



ပင်းပက်တောင်မှ
တောင်ကြီးမြို့သို့သွားရာ
ယခုကား လမ်းကို
ဖောက်လုပ်သောကြောင့်
လယ်ယာမြေများ
သိမ်းဆည်းခံခဲ့ကြရသည်။
အနီရောင် သဘာဝ
ဓါတ်ငွေ့ ပိုက်လိုင်း သည်
လမ်း၏ ညာဖက် တွင်
တည်ရှိသည်။



သတ္တုတွင်းတူးဖော်ရန်အတွက်
မြေကို ပြင်ဆင်ရှင်းလင်းစဉ်
အောက်ခြေရှိ ကျေးရွာသည်
ကျောက် များ လိမ့်ကျမည့်
အန္တရာယ်၊ မြေပြိုမည့်
အန္တရာယ်များ ကိုပါ
ရင်ဆိုင်နေကြရသည်။
(၂၀၀၉– မေလ)

*“မြေသိမ်းဖို့ အမှတ်အသားလုပ်ထားတဲ့နေရာတွေက မှတ်တမ်းမှတ်ရာ မရှိဘဲ၊ မြေပိုင်ရှင်ကို လာအကြောင်းကြားတာ မရှိဘဲ ပိုလို့ ကျယ်ကျယ်ချဲ့လာတယ်။ သူတို့က အလံ ၂–မျိုးလာထူလိုက်တာပဲ။ တခုက အဝါရောင်၊ တခုက အနီရောင်အလံ။ အဲဒီ အခါကျမှပဲ ကျနော်တို့လည်း မြေသိမ်းမယ်ဆိုတာ သိရတော့တာပဲ။”* ဟု ဆိုသည်။ [၅၇]

ရွာများအနေနှင့် သူတို့၏ မြေယာများနှင့် သီးနှံများကို စက်ရုံတည်ဆောက်ရေးကြောင့် ဖျက်ဆီးခံရသည်ကိုလည်း တွေ့ရှိခဲ့ရပါသည်။ ၂၀၀၄ ခုနှစ်တွင် နောင်လံကျေးရွာနှင့် ပင်းပက်တောင်အကြားရှိ လယ်ခင်း အကွက် ၂၀ မှာ ဖျက်ဆီးခံခဲ့ရပါသည်။ ဤလယ်ကွင်းများကို လမ်းဖောက်လုပ်ရန်၊ အလုပ်သမားများအတွက် အိမ်တန်းလျားများ ဆောက်လုပ်ရန်၊ ရုံး အဆောက်အဦများ ဆောက်လုပ်ရန် ဖျက်ဆီးခဲ့ခြင်း ဖြစ်သည်။[၅၈] ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ထီအုန်းစိမ်းနှင့် နောင်ကာကယ်ကျေးရွာ အကြားရှိ သီးနှံခင်းများနှင့် ယာခင်းများကိုလည်း မရိပ်သိမ်းရမီတွင်ပင် ဘူဒိုဇာဖြင့် ထိုး၍ ရှင်းလင်းခံခဲ့ရပါသည်။ ရွာသားများမှာ မည်သို့သော လျော်ကြေးမျှ မရရှိခဲ့ပါ။

*“ကျမက ကျောင်းဆရာမလုပ်ပြီး ငွေစုပြီးတော့ အဲဒီယာခင်းတွေ ဝယ်ထားတာ။ ကျမ ဒီယာခင်းပေါ်မှာ အလုပ်လုပ်ရတာ ၃– နှစ်ပဲ ရှိသေးတယ်။ အခုမှ မြေက ကောင်းလာရုံ၊ အပင်စလို့ စိုက်နိုင်ငံရုံပဲ ရှိသေးတယ်။ သူတို့က လာပြီး သိမ်းသွားပါလေရော။”* ဟု ရွာသူတဦးက ဆိုသည်။[၅၉]

လုပ်သားများက ဖောင်တော်ဆိုက်ကျေးရွာအနီးရှိ တောင်ပေါ်မှ တောင်စောင်းများကို လမ်းဖောက်လုပ်ရန်အတွက် မိုင်းဖောက်ခွဲ ရှင်းလင်းကြသည်။ ရွာသားများက သူတို့ပိုင်ဆိုင်ရာ ပစ္စည်းများ သိမ်းဆည်း၍ မပြီးခင်ပင် တောင်ပေါ်မှ ကျောက်တုံးများ၊ ခဲများက ယာခင်း၊ သီးနှံခင်းအတွင်း လိမ့်ဆင်းလာကြသည်။ အပင်များကိုလည်း ပိ၍ ပျက်စီးစေသည်။ လယ်သမားတဦးက ပြောပြရာတွင်–

*“တောင်စောင်းနဲ့နီးတဲ့ ယခင်းတွေက လုံးဝပျက်စီးကုန်တယ်။ ကျောက်တုံးတွေ၊ ခဲတွေက သီးနှံခင်းတွေပေါ် ကျလာတယ်။ တချိန်တည်းမှာပဲ မိုင်းခွဲတဲ့လုပ်သားတွေကလည်း လယ်ကွက်တွေထဲ အပင်တွေပေါ်ကို နင်းကြတယ်။ ဘာမှ မကျန်တော့ဘူး”* ဟု ဆိုသည်။ [၆၀]

ပုဂ္ဂလိက ပိုင်ဆိုင်မှုအခွင့်အရေးများကို လုံးဝလျစ်လျူရှုခြင်းကို တောင်ကြီးမြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မယက) ဥက္ကဋ္ဌ က ၂၀၀၈ ခုနှစ်၊ မတ်လတွင် ကျင်းပသည့် အစည်းအဝေးတွင် ထင်ထင်ရှားရှား ပြသခဲ့သည်။ သူက ရွာသားတွေကို ပြောဆိုရာ၌ *“အစိုးရက မြေတွေအားလုံး၊ ရေထု၊ လေထုကို ပိုင်တယ်။ ခင်ဗျားတို့ ရွာသားတွေက ၆–ပေ ပတ်လည် မြေကြီး ပဲပိုင်ခွင့် ရှိတယ်”* ဟု ပြောကြားခဲ့သည်။ [၆၁]

ရွာသားများက ပြောပြကြရာတွင် ရပ်ဝေးမှ စက်ရုံနှင့် လမ်းဖောက်လုပ်ရေးတွင် လာရောက်ကြသူ လုပ်သားများကလည်း ညပိုင်းတွင် သူတို့သီးနှံများကို ခိုးယူကြကြောင်း၊ ဤကိစ္စအတွက်လည်း မည်သို့မျှ အရေးယူမဆောင်ရွက်နိုင်ကြောင်း ဆိုသည်။



ပင်းပက်တောင်ခြေ၌
အစားအစာ စိုက်ပျိုးကြ၍။
တဖက်ချောင်းဘေးရှိ
သစ်တောကလေးကလည်း
ဟိုပုန်းရှိ ယခုဈေးကဲ့သို့ပင်
နီးစပ်ရာဈေးကွက်များကို
ထောက်ပံ့ပေးနေသည်။



ပင်းပက်တောင်အနီးရှိ
တောတွင်းမှ ကျေးရွာ
သားများက မှိုများလည်း
ရှာဖွေစား သောက်နိုင်သည်။



ပင်းပက်တောင်အနီး
ကျေးရွာရှိ အမျိုးသမီး
ကြီးတဦးနှင့် သူ၏မြေး
များက သူတို့မြေပဲနှင့်
ပြောင်းခင်းကို ပြုစုနေကြပုံ။

## အသက်မွေးဝမ်းကြောင်း လုပ်ငန်းများ ဆုံးရှုံးရခြင်း

*“သူတို့က လာပြီး မြေသိမ်းပြီးတဲ့နောက်ပိုင်းမှာ ကျမဘဝက လုံးလုံးလျားလျား ပြောင်းလဲသွားတယ်။ အရင်က ကျမမှာ အကြွေးဆိုလို့ မရှိဘူး။ အကြွေးအတွက်လည်း ပူပန်နေစရာမလိုဘူး။ အရင်က ကျမမှာ ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးနိုင်ခဲ့တယ်။”* [၆၂]

ပင်းပက်တောင် အနီးတဝိုက်၌ နေထိုင်ကြသူ ဒေသခံရွာသားများသည် သူတို့ရှင်သန် ရပ်တည်ရေး အတွက် လယ်ယာလုပ်ငန်းတွင် မှီခိုနေထိုင်ကြရပါသည်။ သူတို့၏ အဓိကဝင်ငွေမှာလည်း လယ်ယာထွက် သီးနှံများကို ရောင်းချခြင်းအားဖြင့် ရရှိခြင်း ဖြစ်ပါသည်။ မြေသိမ်းပိုက်ခံရပြီးနောက် သူတို့၏ လယ်ယာ မြေများ ဆုံးရှုံးရပြီးနောက်တွင် ရာနှင့်ချီသော လယ်သမားများတွင် စိုက်ပျိုးရန် မြေမရှိတော့ပါ။ ဝင်ငွေ လည်း မရှိဘဲ ဖြစ်ကုန်ကြရသည်။ တချိန်တည်းမှာပင် စားသောက်ကုန်ပစ္စည်းများကလည်း ဈေးနှုန်းမြင့် တက်လာကြသည်။ သူတို့ ဘဝတလျှောက်လုံးတွင် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းတွင်သာ တစိုက်မတ်မတ် လုပ်ကိုင်ရပ်တည်ခဲ့သောကြောင့်လည်း အခြားလုပ်ငန်းအသစ်များနှင့် နေသားမကျ ရှိနေသည်။ အလုပ်ရှာရန် ခက်ခဲသောကြောင့် အခက်အခဲ ကြီးမားစွာ ကြုံတွေ့ကြရသည်။ ပြဿနာ ဒုက္ခများ ကြုံရသူ လယ်သမားများက –

*“လယ်ယာတွေ ဆုံးရှုံးကုန်တဲ့အခါကျတော့ မုံင်းတောင်ကျေးရွာက အချို့ရွာသားတွေက ထင်းရှူးဆီ ရှာတာ၊ ထင်းရှူးသား ရောင်းတာလုပ်ပြီး ဝင်ငွေ ရှာကြတယ်။ အခုတော့ ဒီလူတွေလည်း တောင်လေးလုံးထောင်မှာ ထင်းရှူးပင်၊ ထင်းရှူးဆီ ရောင်း လို့ဆိုပြီး ထောင်ကျနေကြတယ်။ ရွာသားတွေက လုပ်ဖို့ လယ်ယာမြေ မရှိတော့ဘူး။ အဲသည်တော့ သူတို့က ထင်းရှူးဆီစုတာ၊ ထင်းရှူးသားကောက်တာ လုပ်တာပေ့ါ။ အဲဒါလည်း အဖမ်းခံရပြန်တယ်။”* ဟု ဆိုသည်။[၆၃]

အကယ်၍ စီမံကိန်းများ ရှေ့ဆက်ဆောင်ရွက်လာမည် ဆိုပါက လူအများ ပို၍ ရွှေ့ပြောင်း၊ ထွက်ခွာရဖွယ် ရှိနေပြီး၊ အလုပ်အသစ်ရှာဖွေခြင်း၊ လယ်ယာမြေအသစ်ရရှိရန် ပြန်လည်ရှာဖွေခြင်း ကိစ္စများတွင် ပို၍ ခက်ခဲ အကျပ်အတည်းများနှင့် ကြုံကြရမည်မှာ မလွဲပေ။

### ဒေသခံများအတွက် အလုပ်မရှိဖြစ်ရခြင်း။ ရွှေ့ပြောင်းအခြေချ အလုပ်သမားများအတွက် အန္တရာယ်များ ခြင်း။

*“သူတို့က ဒေသခံရွာက လူ ၂–ယောက်ပဲ အလုပ်ခေါ်တယ်။ တယောက်က ရုရှားအရာရှိအိမ်မှာ ထမင်းချက်လုပ်ရတယ်။ တယောက်က အဲသည်မှာပဲ အိမ်သန့်ရှင်းရေး လုပ်ရတယ်။ အဲဒီ နှစ်ယောက် စလုံးကလည်း တက္ကသိုလ်က ဘွဲ့ရပြီးသား တွေချည်းပဲ။ သူတို့က ရွာသားတွေကို အလုပ်ရမယ် ပြောတာပဲ။ ဒါပေမယ့် ခင်ဗျားအမြင်ပဲ။ သူတို့ လိမ်ညာတာပဲလေ။”* [၆၄]

၂၀၀၆ ခုနှစ်၊ အောက်တိုဘာလနှင့် ဒီဇင်ဘာလတွင် သံရည်ကြိုစက်ရုံဝင်းမှ အခြေစိုက်သည့် စစ်တပ်အရာရှိများသည် အလုပ်လျှောက်ထားရန် ပုံစံများကို ဖြန့်ဝေခဲ့ပါသည်။ ဟိုပုန်းနှင့် ဆီဆိုင်မြို့နေလူထုများကို အလုပ်ခန့်ထားရာတွင် ဦးစားပေးမည်ဟု ဆိုပါသည်။ အလုပ်လျှောက်ထားရန် စိတ်ဝင်စားသူများက အလုပ်လျှောက်လွှာပုံစံအတွက် လူကိုယ်တိုင် သွားရောက်ပါက ၅၀၀ ကျပ် ပေးကြရပါသည်။ အကယ်၍ လူကိုယ်တိုင်မသွားရောက်နိုင်ပါက လျှောက်လွှာရယူနိုင်ရန် ၁,၀၀၀ ကျပ် ပေးကြရပါသည်။ လူအများက အလုပ်လျှောက်ထားကြရာ၊ အာဏာပိုင်များက ပုံစံရောင်းရငွေဖြင့်ပင် ငွေကျပ်ထောင်ပေါင်းများစွာ ရရှိခဲ့ကြပါသည်။ သို့သော်လည်း နောက်ဆုံးတွင် ဆီဆိုင်မြို့နယ်မှ အမျိုးသမီးတဦးသာ အလုပ်လက်ခံခဲ့ပါသည်။ အကြောင်းမှာ သူ မက တက္ကသိုလ်တွင် ရုရှားဘာသာစကား အထူးပြုလေ့လာ၍ ဘွဲ့ရလာသောကြောင့် ဖြစ်ပါသည်။ သို့သော်လည်း ၎င်းအမျိုးသမီးက အလုပ်လက်ခံရန် ငြင်းပယ်ခဲ့ပါသည်။[၆၅] ယနေ့ကာလအထိ ရွာသား ၂–ဦးကိုသာ တဦးကို ထမင်းချက်အဖြစ်၊ အခြားတဦးကို အိမ်ဖော်အကူအဖြစ် အလုပ်လက်ခံမှု ရှိပါသည်။

ထိုအချိန်တွင်ပင် မြန်မာနိုင်ငံ အခြားဒေသများမှ အလုပ်သမားများကို စက်ရုံတည်ဆောက်ရေးအတွက် ခေါ်ယူတင်သွင်း လာကြပါသည်။ ဒေသခံပြည်သူများ၏ ပြောပြချက်အရ ဆောက်လုပ်ရေး လုပ်ငန်းခွင်များတွင် ထိခိုက်ဒဏ်ရာရမှု အချို့ရှိခဲ့ပါသည်။ စက်ရုံတည်ဆောက်ရေး လုပ်ငန်းခွင်များမှ သော်လည်းကောင်း၊ လမ်းဖောက်လုပ်ရေး လုပ်ငန်းများတွင် လည်းကောင်း ထိခိုက်ဒဏ်ရာ ရရှိခဲ့ခြင်း ဖြစ်ပါသည်။

*"၂၀၀၇ ခုနှစ်မှာ ကျောက်ကြိတ်တဲ့ စက်တလုံးကြောင့် လူ ၇ ဦး တပြိုင်တည်း သေဆုံးသွားရတယ်။ သူတို့က စက်ပေါ်မှာ နေကြတာ၊ နောက်တော့ စက်ထဲကို လိမ့်ကျပြီး၊ စက်ကြိတ်ခံကြရပြီး အကုန်သေကြတယ်။ စက်အောက်မှာ နေတဲ့သူတွေက မသိကြဘူး။ နောက်တော့ အနံ့မကောင်းတာ ရပါတယ်ဆိုပြီး၊ သွားကြည့်တော့မှ သိရတယ်။ "* ရွာသားတဦးက ပြောပြသည်။[၆၆]

*"မိုင်းလုပ်သားတွေနဲ့ ဆောက်လုပ်ရေးလုပ်သားတွေ အများအပြား မြန်မာပြည်အောက်ပိုင်းကနေ လာကြတယ်။ သူတို့က တခါတလေ ကျောက်စွန်းမှာ ခါးကိုကြိုးနဲ့ချိတ်ပြီးတော့ ကျောက်တူးကြတယ်။ ဒီလိုနဲ့ မတော်တဆလိမ့်ကြပြီး လူတော်တော် သေကြတယ်။ သူတို့ ကျောက်တုန်းတွေနဲ့ ဆောင့်မိကြတယ်။ ဒီလုပ်သားတွေကို နောက်ထပ်လူသစ် အသုတ်တွေနဲ့ မကြာခဏ ဆိုသလို လဲလှယ်လေ့ရှိတယ်။ သူတို့ အလုပ်သမားတွေသေရင် ဒီမှာ မြှုပ်လေ့မရှိဘူး။ မြန်မာပြည်အောက်ပိုင်းက သူတို့အိမ်ယာအထိ ပြန်သယ်သွားကြတယ်။ ပင်းပက် စက်ရုံနေရာမှာတော့ အလုပ်သမားတွေ အများကြီးသေကြပြီးတော့ သူတို့ ကမ္ဘောဒ်ီးရွှတ်သံတွေလည်း လော်စပီကာကနေ ကြားကြရတယ်။ တခါတလေမှာလည်း ဘုန်းကြီးတွေ ပင့်ဖိတ်ပြီး တရားနာတာတွေ လုပ်ကြတယ်"* ဟု ပြောပြသည်။[၆၇]



ဟိုပုန်းနှင့် တောင်ကြီးကို ဆက်သွယ်ထားသည့် ကျေးလက်လူထုသုံး လမ်းကို စက်ရုံ၏ နံရံအုတ်တံတိုင်းက ပိတ်ပစ်လိုက်သည်။ (၂၀၀၈–မတ်လ)

## ခရီးသွားလာခွင့် ကန့်သတ်မှုများ

ပင်းပက်တောင်အနီးရှိ ကျေးရွာလူထုများသည် ခရီးသွားလာခွင့် ကန့်သတ်မှုများကြောင့် ထိခိုက်နစ်နာမှု ဖြစ်ရပါသည်။ မကြာသေးမီက သံရည်ကြိုစက်ရုံ အဝင်ဝတွင် ဂိတ်တခုဖွင့်လှစ်၍ ကန့်သတ်မှုများ ပြုလာခဲ့သည်။ ဤဂိတ်သည် ပင်မလမ်းမကြီးကို ပိတ်၍ ပြုလုပ်ထားခြင်း ဖြစ်သည်။ အခြားတဖက်ရှိ ကျေးရွာ ဖ–ရွာမှ ကျေးရွာလူထုများမှာ ဖြတ်သွားဖြတ်လာလုပ်ရန် အခက်အခဲတွေ့ကြရပြီး၊ လုံခြုံရေးအစောင့်များ ထံမှ ခွင့်ပြုချက်ရယူရန် လိုအပ်ပါသည်။ ဤဂိတ်များကို နံနက် ၆ နာရီမှ ညနေ ၆ နာရီ အထိသာ ဖွင့်ရာ၊ ညပိုင်းတွင် လုပ်ငန်းခွင်သွားရန် ဖြတ်သန်းသွားလာနေကြသည့် လူထုများအတွက် အခက်အခဲဖြစ်ရပါသည်။ ဈေးတွင် သီးနှံများသွားရောင်းရန်၊ ဆရာဝန်ထံ အရေးပေါ် ဆေးကုသမှုခံရန် သွားလာကြရာတွင် အခက်အခဲ ဖြစ်ကြရသည်ဟု ရွာသားတဦးက ပြောပြပါသည်။

*“အခုတော့ တောင်ကြီးကို သွားဖို့ အခက်အခဲတွေ့နေကြရတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပင်းပက်စက်ရုံက လမ်းကို ပိတ်ထားတယ်။ ညပိုင်းတွေမှာ ဖြတ်သွားဖြတ်လာလုပ်ဖို့ လုံးဝမဖြစ်နိုင်တော့ဘူး”* ဟုဆိုသည်။[၆၈]

ဤလုံခြုံရေးဂိတ်များကို ပိတ်ထားသောအချိန်၌ ဖြတ်သန်းရန် ကြိုးစားကြသူ ရွာသားများ၊ ခွင့်ပြုချက်မရရှိဘဲ ဖြတ်သန်းကြသူများမှာ လုံခြုံရေးအစောင့်များထံမှ ပြောဆိုဟိန်းဟောက်မှုများ၊ ဖိနှိပ်မှုများ ခံကြရပါသည်။ ၂၀၀၈ ခုနှစ်၊ ဇွန်လတွင် ဖြစ်ပွားခဲ့သည့် ဖြစ်ရပ်တခုတွင် ပွင့်နေသောဂိတ်ကို ခွင့်ပြုချက်မရှိဘဲ ကားဖြတ်မောင်းမိသည့်အတွက် ရိုက်နှက်ခံရပါသည်။ နောက်တကြိမ်တွင် အခြားလူငယ်တဦးကို ဂိတ်သို့ ညပိုင်းချည်းကပ်လာသည်ဟုဆိုကာ တညလုံး ဂိတ်တိုင်တွင် ကြိုးနှင့် ချည်နှောင်ထားခဲ့ပါသည်။[၆၉]

*"စစ်တပ်က အရာရှိကြီးတချို့လာတဲ့အတွက်ကြောင့် လုံခြုံရေးဂိတ်က ပွင့်နေတယ်။ လူငယ်ကလည်း ဂိတ်ကပွင့်နေတော့ မောင်းဝင်သွားတယ်။ နောက်တော့ အစောင့်က သူ့ကိုတားပြီး၊ ကားပေါ်က ဆွဲချတယ်။ ဂိတ်ကို ဖြတ်သွားလို့ဆိုပြီး ထိုးကြိတ်တော့တာပဲ။ အဲဒီလူက တခဏတောင် သတိလစ်သွားတယ်။ နောက်တော့ သူ့ကိုပဲဟိုပုန်းရဲစခန်းကို ပို့လိုက်တယ်။ ဒီလူငယ်က နောက်တော့ မိုင်းစက်ရုံက အာဏာပိုင်တွေကို စောဒကတက်တယ်။ တိုင်တယ်။ ဒါပေမယ့် သူတို့က ဘာမှအရေး တယူ လုပ်ပေးတာ မရှိပါဘူး။"* ဟု ရွာသားတဦးက ပြောပြပါသည်။[၇၀]

ထိုမှုမက နောင်ကာကယ်နှင့် ပင်ဝိုကျေးရွာအကြား ဆက်သွယ်ထားသောလမ်းမှာလည်း စက်ရုံပြင်ပတွင် ရေကန်တည်ဆောက်သည့်အခါ ဖျက်ဆီးခံလိုက်ရပါသည်။ ဒေသခံပြည်သူများမှာ ထိုလမ်းကို ဆက်လက် အသုံးပြုနိုင်ခြင်း မရှိတော့ဘဲ၊ ယခုအခါ အဝေးလမ်းမကြီးမှ ကွေ့ပတ်၍ ပိုမိုဝေးလံစွာ သွားလာနေကြရ ပါသည်။ ထို့အပြင် ကျွဲနွားလှည်းများဖြင့် ခရီးသွားလာကြရာတွင်လည်း ပို၍ အန္တရာယ်မကင်း ဖြစ်လာ ရသည်။

## အမျိုးသမီးများအတွက် မလုံခြုံသည့်အခြေအနေ၊ အန္တရာယ်တိုး၍ ဖြစ်လာရခြင်း

ယောကျ်ားသား ရွှေ့ပြောင်းအလုပ်သမားများနှင့် စစ်သားများ စီမံကိန်းနေရာတွင် များပြားစွာ ဝင်ရောက် လာသောကြောင့် ပင်းပက်ဒေသရှိ အမျိုးသမီးများမှာ သူတို့ကိုယ်သူတို့ စိုးရိမ်ကြောက်ရွံ့လာကြပါသည်။

*"စီမံကိန်းလုပ်သားတွေက အများကြီးရောက်လာတယ်။ ဒေသခံ အမျိုးသမီးတွေကိုလည်း ထိကပါး ရိကပါး လုပ်တာတွေ ရှိလာတယ်။ ကျနော့်တူမက မိုင်းနားကရှိတဲ့ ရွာမှာ ဆိုင်ငယ်ကလေးဖွင့်ထားတယ်။ ကောင်မလေး သွားတဲ့နေရာနောက်ကို ယောကျ်ားတွေက လိုက်နေကြတယ်။ အခုတော့ ကျနော်တို့လည်း ရင်တမမနဲ့ နေနေကြရတယ်။ သူတို့က ကျနော်တို့ကို ဘာလုပ်မယ် မှန်းလည်း မသိဘူး။ ကျနော်တို့က တော့ တချိန်လုံး ကြောက်ရွံ့စိုးရိမ်ပြီး နေရတာပဲ။ အထူးသဖြင့်တော့ မိန်းမပျိုတွေဆိုရင် တချိန်လုံး စိုးရိမ် နေကြရတယ်။"* ရွာသားတဦးက ပြောသည်။[၇၁]

ကချင်ပြည်နယ် ရွှေမိုင်းတူးသောနေရာများတွင် လေ့လာခဲ့သော အစီရင်ခံစာ တွေ့ရှိချက်တခုအရ သတ္တုတွင်းဒေသများတွင် ယာယီ အခြေချလာကြသည့် ယောကျ်ားသား လုပ်သားများပြားလာမှုနှင့် အတူ၊ ဒေသတွင်းတွင် အမျိုးသမီးများအတွက် အလုပ်ရှားပါးမှုကြောင့် အမျိုးသမီးများ လိင်လုပ်ငန်း အတွင်း ဝင်ရောက်လုပ်ကိုင်ကြသည့် အခြေအနေ ဖြစ်လာစေသည်ကို တွေ့ရပါသည်။ များသောအားဖြင့် အန္တရာယ်မကင်းသော လိင်ရောင်းဝယ်သည့် လုပ်ငန်းတွင် ပါဝင်ပတ်သက်ကြရပါတော့သည်။[၇၂] ပင်းပက် တောင်ဒေသတွင် လယ်မြေများဆုံးရှုံးရခြင်း၊ အသက်မွေးဝမ်းကြောင်းမှု နည်းလမ်းများ ဆုံးရှုံးကြရခြင်း တို့ အတွက်ကြောင့် အမျိုးသမီးများအတွက် ရတက်မအေးဖွယ် အန္တရာယ်ကို ကြိုတင်မြင်နေရပါတော့ သည်။

## စားနပ်ရိက္ခာ မလုံခြုံမှုနှင့် လောင်စာ မလုံလောက်မှုများ

ပင်းပက်တောင်ခြေရှိ ကျေးရွာပေါင်း ၂၅ ရွာမှ လူထုများသည် ၎င်းတောင်ပေါ်ရှိ သစ်တောများကို သူတို့၏ ဖြည့်စွက်ရိက္ခာ ရှာဖွေစားသောက်ရန် မှီခိုနေကြရပါသည်။ ဤတောတောင်မှနေ၍ သူတို့အတွက် အစားအစာ၊ တိုင်းရင်းဆေး သစ်ဥသစ်ဖုများ၊ အိမ်အမိုးအကာနှင့် ထင်းတို့ ရရှိကြပါသည်။ မျှစ်၊ မှို၊ တိုင်းရင်းဆေးများ တောတွင်းမှ ရာသီအလိုက် ရှာဖွေနိုင်ပြီး၊ ဒေသခံပြည်သူများ၏ ဉာဏ်ရှိသလောက် ရိုးရာအစဉ်အလာများအတိုင်း အသုံးချကြပါသည်။ ထို့အပြင် တောတောင်များအတွင်း၌ အမဲလိုက်၍ ဟင်းစာ ရှာလေ့လည်း ရှိကြပါသည်။ သစ်၊ ဝါး၊ ဖက်တို့ကို တောင်ပေါ်မှ ရှာဖွေပြီး အိမ်ပြင်ဆောက်သည့် အခါ၌ သုံးနိုင်ကြသည့်အပြင် ချက်ပြုတ်ရန်အတွက်လည်း ထင်းဖူလုံစွာ ရရှိခဲ့ကြပါသည်။

သံရည်ကြိုစက်ရုံ တည်ဆောက်ရန် ပြင်ဆင်မှုများ ၂၀၀၄ ခုနှစ်တွင် စတင်၍ ပြုလာကြသည့်အခါ၊ စစ်သားများက ရွာသားများကို ပင်းပက်တောင် သစ်တောအချို့အတွင်း ထင်းရှာခွင့်ကို ပိတ်ပင်ခဲ့ကြပါသည်။ တောင်ပေါ်မှ အိမ်သို့ ထင်းသယ်လာသူများထံမှလည်း ငွေကြေးတောင်းခံမှုများ ရှိလာပါသည်။[၇၃] ဆောက်လုပ်ရေး လုပ်ငန်းများ လုပ်သောအခါ အချို့နေရာများ ပျက်စီးသွားရသည့်အတွက်ကြောင့်လည်း တောထဲတွင် ဟင်းသီးဟင်းရွက်ရှာရန် ပို၍ ခက်ခဲလာခဲ့ပါသည်။

၂၀၀၇ ခုနှစ်တွင်၊ ပင်းပက်တောင် အနီးတဝိုက်တွင် နေထိုင်ကြသည့် ကျေးရွာများမှ ရွာလူကြီးများကို ရွာသားများ ပင်းပက်တောင်ပေါ်တွင် ထင်းရှာနိုင်တော့မည် မဟုတ်ကြောင်း၊ ဟင်းသီးဟင်းရွက်များ ရှာဖွေခွင့် မရှိတော့ကြောင်း အမိန့်ထုတ်ပြန်ခဲ့ပါသည်။ ဤသို့ တားမြစ်မိန့် ထုတ်ပြန်ခဲ့သောကြောင့် သစ်တောနှင့် နီးစပ်ရင်းသန်နေရသည့် ရွာသားများ၏ ဘဝကို သစ်တောနှင့် ဖြတ်တောက်လိုက်သည့် နှယ် ရှိပါသည်။ ရွာသားအများကို ထင်းရှာ၊ ဟင်းရွက်ရှာရန် နေရာငယ်တခုကိုသာ ခွင့်ပြုထားပါတော့သည်။ သို့ဖြစ်ရာ ရိက္ခာ အစားအသောက်နှင့် ထင်းရှားပါးမှုနှင့် ကြုံတွေ့လာရပါသည်။ တောင်တခုလုံးကို ပြန်ပြင်၍ မရအောင် ဆက်လက်ဖျက်ဆီးနေမှုများကြောင့် ပင်းပက်တောင်နှင့် ပြည်သူတို့ ဝေးကွာရကာ၊ သူတို့ရရှိခဲ့သည့် သစ်တော အရင်းအမြစ်များသည်လည်း ဆုံးရှုံးကြရတော့မည် ဖြစ်ပါသည်။

*“ဟိုပုန်းက လေ့ကျင့်ရေးတပ်ရင်းအမှတ်–၃ က ရွာသားတွေကို ထင်းကောက်ခွင့် မပေးဘူး။ သူတို့ကိုယ်တိုင် ထင်းကောက်ကြတယ်။ အကယ်၍ ရွာသားတွေက ထင်းလိုချင်တယ်ဆိုရင် သူတို့ကို ၃,၀၀၀ ကျပ် ပေးကြရတယ်။ အကယ်၍ ရွာသားတွေက ငွေ ၃ ထောင်ကျပ် မပေးဘူးဆိုရင် သူတို့ (စစ်သားများ) က ရွာသားတွေ စုထားပြီးသား ထင်းတွေကို သိမ်းယူ ရောင်းစားကြတယ်။”* [၇၄]

သူတို့၏ တောတွင်း “ဈေးကြီး” ပျောက်ဆုံးသွားကြရသည့်အပြင်၊ စက်ရုံလုပ်သားများနှင့် စစ်သားများက ကျေးရွာလူထုများထံမှ သီးနှံများကိုလည်း ခိုးယူကြသေးသည်။ ကြက်များ၊ ကြက်ဥများ၊ ဟင်းသီးဟင်းရွက်များ၊ နောက်ဆုံး ဖိနပ်များအထိပင် ခိုးယူခံကြရသည်။[၇၅] ၂၀၀၈ ခုနှစ်၊ ဧပြီလတွင် ဗိုလ်ချုပ်ကြီးမောင်အေးက စက်ရုံသို့လာရောက်လည်ပတ်မည့် တညအလိုတွင် စစ်သားများက ဖောင်တော်ဆွိုက်ကျေးရွာအနီးသို့ ရောက်လာကြသည်။



စက်ရုံအတွက် ရေကန်
တည်ဆောက်မှုက
တဖက်ချောင်းကို ပိတ်ဆို့၍
ချောင်းရေကို သံစက်ရုံသို့
ပြောင်းလဲသယ်ပို့မည်
ဖြစ်သည်။
(၂၀၀၈ – မတ်လ)



ပင်းပက်တောင်အနီးရှိ
တဖက်ချောင်းတွင်း ကျေးရွာ
သားများ ရေချိုးနေကြစဉ်
(၂၀၀၇ ခုနှစ်၊ မတ်လ)



တဖက်ချောင်းမှ
ဖမ်းဆီးရမိသော ငါးများကို
ကျေးရွာသားများက
ရောင်းချနေစဉ်။ ရေထု၊
လေထု ညစ်ညမ်းမှု
များကြောင့် ချောင်းတွင်းတွင်
ငါးများနှင့် အမျိုးကွဲပြား
တည်ရှိမှုကိုလည်း
ဆိုးကျိုးသက်ရောက်
စေလိမ့်မည်။

*"ဧပြီလ ၂၄ ရက်နေ့မှာ တောင်ကြီးမှာရှိတဲ့ (အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်) (ရပခ) က စစ်သား ၃၀ ကို ဗိုလ်ချုပ်မောင်အေး မလာခင် လုံခြုံရေးအနေနဲ့ ပို့လာကြတယ်။ အဲဒီမှာ သူတို့က ရွာကိုလာပြီး ဟင်းသီး ဟင်းရွက်တောင်းတယ်။ ကျနော်တို့ ရွာသားတွေကလည်း တချို့တော့ ပေးစားတာပေါ့။ နောက်တနေ့မှာ တော့ သူတို့က ခွင့်မတောင်းနေတော့ဘူး။ သူတို့ဘာသာ ခိုးယူကြတော့တာပဲ။ ကျနော့်အိမ်အောက်က ကြက်သွန်ဖြူ ၁၅ ကီလိုဂရမ်လောက်လည်း ပျောက်သွားတယ်။ အခြားရွာသားတွေရဲ့ ကြက်သွန်ဖြူ တွေလည်း ပျောက်တာပဲ။ သူတို့က ကြက် ၁၀ ကောင်ကိုလည်း ခိုးယူကြသေးတယ်။ သူတို့က ရွာက လူငယ်တွေရဲ့ ဖိနပ်တောင် ချမ်းသာမပေးဘူး။"* [၇၆]

နောက်ပိုင်းတွင် ရွာသားများက ခိုးယူခံကြရသည့် ပစ္စည်းများကို စရင်းပြုစု၍ လျော်ကြေးတောင်းခံခဲ့ သော်လည်း၊ တပြား တချပ်မှ ပြန်လည်ရရှိခဲ့ခြင်း မရှိပါ။

အကယ်၍ စက်ရုံနှင့် သတ္တုတွင်းသာ လည်ပတ်နိုင်သည့် အခြေအနေရှိပါက စက်ရုံမှအညစ်အကြေးများ ကြောင့် တဘက်ချောင်းရေ ညစ်ညမ်းပြီး၊ ငါးများအဆိပ်သင့်မည်၊ သီးနှံများလည်း ပျက်စီးရမည်ကို စိုးရိမ် နေကြပါသည်။ သီးနှံများမှာလည်း ချောင်းရေကို အားထားစိုက်ပျိုးနေကြရသည်ဖြစ်ရာ ရေညစ်ညမ်းပါက ဒုက္ခတွေ့ရနိုင်သည်။ သို့ဖြစ်လာပါက ရွာသားများအနေနှင့် အစားအသောက်ရှားပါးမှု ပို၍ ကြုံတွေ့ရဖွယ် ရှိနေပါသည်။


## ယဉ်ကျေးမှုများ ဖျက်ဆီးခံရခြင်း

ကျေးရွာလူထုများမှာ ရွှေ့ပြောင်းနေထိုင်ကြရခြင်းကြောင့် ရပ်ရွာအအုပ်အသင်းကွဲရခြင်း၊ ရိုးရာအစား အသောက်များ၊ တိုင်းရင်းဆေးများ ရရှိရန် ကန့်သတ်မှုများ ကြုံလာခြင်း၊ လယ်ယာမြေများ ဆုံးရှုံးကြရ ခြင်းကြောင့် ပင်းပက်တောင်ဒေသနေ ပအိုဝ်းပြည်သူများ၏ "ရှင်သန်နေထိုင်ကြသည့် ယဉ်ကျေးမှုများ"၊ သမိုင်းဝင်ယဉ်ကျေးမှုအရ တန်ဖိုးထားရမည့်နေရာများ ပျက်စီးပျောက်ကွယ်ကြရမည်ကို စိုးရိမ်နေပါသည်။ ထို့အပြင် ယဉ်ကျေးမှုဆိုင်ရာ ရုပ်ဝတ္ထုများသည်လည်း ဖျက်ဆီးခံရဖွယ် ရှိနေပါသည်။ ၂၀၀၈ ခုနှစ်၊ မတ်လနှင့် ဧပြီလများတွင် ဖောင်တော်ဆိုက်ကျေးရွာမှ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းနှင့် ပင်းပက် တောင်ခြေ တောင်ပေါ်ရှိ ရှေးဟောင်းစေတီမှာ မိုင်းများခွဲသည့်အရှိန် ရိုက်ခတ်မှုကြောင့် ကွဲအက်ခဲ့ရပါသည်။ စက်ရုံအတွက် ကျောက်စွန်းကို ဖြိုချခြင်းနှင့် လမ်းဖောက်လုပ်ရန်အတွက် မိုင်းများခွဲရာမှ ဖြစ်လာသည့် အရှိန်ဖြစ်သည်။ မိုင်းခွဲရာမှ လွင့်စင်လာသည့် ကျောက်စများသည် ဘုန်းတော်ကြီးကျောင်းနှင့် စေတီကို ထိမှန်ကြပြီး၊ အနီးတဝိုက်ရှိ ယာခင်းများအထဲ သို့လည်း လွင့်စင်ကျရောက်ကြပါသည်။

စက်ရုံဝင်းအတွင်းတွင် ကျရောက်နေသောကြောင့် ဝါးတောင်ခမ်အမည်ရှိ ရှေးဟောင်းစေတီ ပျက်စီးသွားမည်ကို ရွာသားများက စိုးရိမ်နေကြပါသည်။ ထို့အပြင် အနီးအနားရှိ အခြားစေတီ ဆယ်ဆူ ကျော်မှာလည်း အလားတူ ပျက်စီးဆုံးရှုံးရဖွယ် ရှိနေပါ သည်။



သတ္တုတွင်း တူးဖော်သည့်နေရာမှ ဖောက်ခွဲမှုများကြောင့် ဘုရားနံရံတွင် အက်ကြောင်းများ ဖြစ်ပေါ်လာသည်ကို ရဟန်းတပါးက ပြသနေစဉ်။ (၂၀၀၈–မတ်လ)



ပင်းပက်သတ္တုမိုင်းနေရာရှိ ဝါးတောင်ခမ် ရှေးဟောင်းစေတီ။
(၂၀၀၈–ဇန်နဝါရီလ)

## သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးရမှုများ

*“သတ္တုတွင်းတူးဖော်ရာတွင် မြေကြီးကို အကြီးအကျယ် ဖျက်ဆီးခြင်းကြောင့် လူအများ၏ လုံခြုံရေးအတွက် စိုးရိမ်ဖွယ် အကြောင်း ရှိနေသလို၊ လေနှင့် ရေတိုက်စားမှုများကြောင့်လည်း သဘာဝပတ်ဝန်းကျင် ပြဿနာများ အများအပြား ရှိလာနိုင်သည်။”* ၇၇

## တောင်တခုလုံးမှာ အပွင့်သတ္တုတွင်းများ ဖြစ်ကျန်ရစ်နိုင်ခြင်း။ ပြန်ပြင်၍ မရနိုင်သော မြေမျက်နှာသွင်ပြင် ဆုံးရှုံးမှုကြုံရနိုင်ခြင်း။

အပွင့်သတ္တုတွင်းများသည် မြေမျက်နှာသွင်ပြင်နှင့် ဂေဟဗေဒစနစ်ကို လုံးလုံးလျားလျား ပြောင်းလဲစေပါသည်။ ထို့အပြင် သစ်တောများ ပြုန်းတီးရခြင်း၊ တောကောင်တိရစ္ဆာန်များအတွက် မှီခိုစရာ နေရာများ ဆုံးပါးရခြင်း၊ မလိုအပ်သော မြေသားများ တောင်လိုပုံလာခြင်းနှင့် မြေတိုက်စားမှု ဖြစ်ခြင်း၊ မြေပြိုကျနိုင်သည့် အန္တရာယ် ကြုံရနိုင်ခြင်းနှင့် ရေထွက်ပေါက်များ၊ ရေအရင်းအမြစ်များတွင်လည်း အနည်ကျခြင်းများ ဖြစ်ပေါ်လာနိုင်ပါသည်။ မြန်မာနိုင်ငံတွင် တရားဝင်ထုတ်ပြန်ကြေညာထားသည့် သတ္တုတွင်းဥပဒေအရ လိုအပ်ချက်ဖြစ်သော မြေများပြန်လည်ပြင်ဆင်ရန်၊ သစ်ပင်များ ပြန်လည်စိုက်ပျိုးပျိုးထောင်ရန် စသည့် စီမံချက်များလည်း ပင်းပက်စီမံကိန်းအတွက် မရှိပါ။ ကချင်ပြည်နယ်၊ ဖားကန့်ဒေသမှ သတ္တုတွင်းလုပ်သားများ၏ ပြောဆိုချက်များကို ကိုးကား၍ အပွင့်သတ္တုတွင်းများကြောင့် ပတ်ဝန်းကျင် မည်မျှပျက်စီးရသည်ကို ကိုးကားဖော်ပြလိုပါသည်။




ကချင်ပြည်နယ်၊ ဖားကန့်ဒေသရှိ အပွင့်တူးထားသော မိုင်းများ။ အကယ်၍ ယခုစီမံကိန်းကိုသာ မရပ်ဆိုင်းပါက တချိန်တွင် ပင်းပက်တောင်သည် ယခုကဲ့သို့ အကျည်း တန်နေပေတော့မည်။



ဘူဒိုဇာများက
ခြံမြေများကို ရှင်းပစ်ပြီး၊
ဒေသခံ စားကျက်မြေ
များတွင် မြေများ
ပုံနေစဉ်
(၂၀၀၉–ဖေဖော်ဝါရီလ)



သစ်တော၊ ရေထွက်
များကို ကာကွယ်
စောင့်ရှောက်ပေးရန်
ဒေသခံလူထု၏
နတ်ကွန်း။ ဤသို့
ကိုးကွယ် ယုံကြည်မှု
ဆိုင်ရာ အဆောက်အဦ
များမှာလည်း ဆောက်
လုပ်ရေးလုပ်ငန်းကြောင့်
ပျက်စီးရတော့မည်။



ဒေသခံပြည်သူများက
ကာကွယ်စောင့်ရှောက်
ထားသည့် သစ်တောကို
ဆိုင်းဘုတ်ရေး
ဖော်ပြထားစဉ်။
(ဆောက်လုပ်ရေးလုပ်ငန်း
များကြောင့် ပျက်စီးရ
တော့မည် ဖြစ်သည်။)

*"ဖားကန့်ဒေသက အရင်က သစ်ပင်၊ ဝါးပင်တွေနဲ့ စိမ်းလမ်းစိုပြေခဲ့တဲ့ နေရာပဲ။ အဲဒါတွေအားလုံးသွားပြီ။ တခုမှ မရှိတော့ဘူး။ အခုတော့ ဖားကန့်က အမှိုက်ပုံကြီးလို ဖြစ်နေပြီ။ ဥရုမြစ်ကလည်း အခုတော့ အမြဲတမ်း နောက်ကျိညစ်ပတ်နေပြီ။ အရင်က တောင်ပေါ်မှာရှိခဲ့တဲ့ ဖားကန့်မြို့ကလည်း အခုတော့ မိုးရာသီမှာ နှစ်တိုင်းရေကြီးတယ်။ သတ္တုတွင်းပေါင်းတွေက ကျန်တဲ့ မြေကြီးတွေက တမြို့လုံးအနှံ့ပဲ။"*
ဟု ပြောပါသည်။ [၇၈]

*"ဖားကန့်မှာ အကြီးမားဆုံး ပြဿနာတခုကတော့ မိုင်းတူးရာက ထွက်လာတဲ့ မြေကြီးတွေကို ဘယ်နေရာသွားပစ်ရမှန်း မသိကြဘူး။ သူတို့က ဥရုမြစ်ထဲကို ပစ်ချကြတယ်။ မြစ်ထဲမှာ အောက်က မြင့်တက်လာပြီးတော့ မြစ်ကြောင်းက ကျဉ်းလာတယ်။ နှစ်တိုင်း ရေကြီးတော့တယ်။ မိုးတွင်းမှာ မြေကြီးပုံတွေက ရွာထက် ပိုမြင့်နေလေတော့ ရွာကိုနောက်ဆုံး ရေလွှမ်းတော့တာပဲ။ အိမ်တွေလည်း ပျက်စီးကုန်ကြတယ်။ "* ဟု ပြောသည်။[၇၉]

## ပတ်ဝန်းကျင် ညစ်ညမ်းမှုများ

တဘက်ချောင်းမှရေကို သွယ်ယူပြီး၊ သံရည်ကြိုစက်ရုံအတွင်းရှိ ကန် ၂– ခုသို့ လွှဲပြောင်းပို့ဆောင်သည်။ တတိယမြောက် ကန်ကြီးတခုကို စက်ရုံဝင်း၏ ပြင်ပတွင်ပင် တည်ဆောက်လျှက် ရှိသည်။ ခန့်မှန်းရသည်မှာ ဤရေကိုပင် သတ္တုသန့်စင်သည့် လုပ်ငန်းတွင် အသုံးပြုလိမ့်မည်ဟု ယူဆရသည်။ (သံရိုင်းကို သန့်စင်ကြိုချက်ခြင်း Box ကွင်းအတွင်းကြည့်ပါ။) ထို့နောက် ပျစ်နှစ်နေသော အနည်များကို ကန်များအတွင်း သို့လှောင်ထားလိမ့်မည် ဖြစ်သည်။ သို့သော်လည်း ရေများကို မည်သို့ အသုံးချမည်ကို တိကျသေချာ မသိရသေးပါ။ ပို၍ အရေးကြီးသည်မှာ သန့်စင်သည့်လုပ်ငန်း လုပ်ဆောင်ပုံဖြစ်ပြီး၊ ရေကိုပြန်၍ အသုံးချနိုင်အောင် ပြုခြင်း၊ ရေကို သွန်ထုတ်ခြင်း စသည်တို့နှင့် ပတ်သက်၍ တိကျစွာ မသိရသေးပါ။ အကယ်၍ မသန့်စင်သည့် ရေများနှင့် အနည်အနှစ်များကို တဘက်ချောင်းအတွင်းသို့ ပြန်လည်စွန့်ပစ်ပါက ရေလမ်းကြောင်းတလျှောက်လုံးကို ညစ်ညမ်းစေမည်ဖြစ်ပြီး၊ ဓါတ်ကြွနေသည့် သတ္တုအနည်များ၊ အဆိပ်သင့်စေသော ဆာလဖိုဒ် သတ္တုများကြောင့် ရေထွက်များ တလျှောက် ညစ်ညမ်းစေပြီး၊ မြစ်အကြေတွင် သွားရောက်စုပုံကြမည် ဖြစ်ပါသည်။

သံရိုင်းတူးဖော်ထုတ်လုပ်ခြင်းမျှနှင့်ပင် တဘက်ချောင်းအတွက် စိုးရိမ်ဖွယ် အန္တရာယ်ရှိနေပါသည်။ အာဏာပိုင်များ၏ အဆိုအရ သတ္တုတွင်းသည် အပွင့်သတ္တုတွင်းဖြစ်မည်ဟု ဆိုနေကြပါသည်။ သို့ဖြစ်ရာ မလိုအပ်သည့် မြေသားများကို စုပုံထားခြင်းကြောင့် ၎င်းမြေကြီးပုံမှတဆင့် တောင်စောင်းတလျှောက် မြေပြိုစီးဆင်းခြင်းများ ဖြစ်နိုင်ပါသည်။ ပြိုကျသောမြေကြီးများသည် လမ်းကြောင်းသဖွယ် ဖြစ်ကာ နောက်ဆုံး မြေသားစီးဆင်းခြင်းများသည် ချောင်းများ၊ မြစ်များအတွင်း ကျရောက်နိုင်ပြီး၊ သဘာဝနှင့် မညီသော နုံးတင်အနည်ကျခြင်းများ ဖြစ်ပေါ်နိုင်ပါသည်။

တဘက်ချောင်းတွင် ညစ်ညမ်းလာခြင်း၊ နုံးတင်အနည်ကျခြင်းများ ဖြစ်ပါက ၎င်းပင်းပက်တောင် အနီး တဝိုက်ရှိ ဟိုပုန်းလွင်ပြင်နေ ကျေးရွာ ၁၀၀ ကျော်မှ လူထုများ ဒုက္ခတွေ့ကြရမည် ဖြစ်ပါသည်။ ထိုလူထုများမှာ တဘက်ချောင်းမှရေကိုပင် သူတို့၏ ရှင်သန်ရပ်တည်ရေးအတွက် မှီခိုနေထိုင်ကြရပါသည်။

ကျေးရွာလူထုများက တဘက်ချောင်းကို မှီခို၍ ငါးဖမ်းခြင်း၊ သောက်သုံးရေသယ်ခြင်း၊ သီးနှံရေပေးခြင်း နေ့စဉ်နှင့်အမျှ ပြုနေကြပါသည်။ သတ္တုတွင်းကြောင့် အညစ်အကြေးများ ဖြစ်လာပါက ငါးများ သေဆုံး ရစေပြီး၊ ကျေးရွာလူထုများ၏ ကျန်းမာရေးလည်း ထိခိုက်လာနိုင်ပါသည်။ သီးနှံများလည်း အဆိပ်သင့် စေနိုင်ပါသည်။ အနည်ကျ နုံးတင်ခြင်းကြောင့် မြစ်ကြောင်း၏ ဂေဟဗေဒစနစ်ကို ပြောင်းလဲစေပြီး စိုက်ပျိုး ရေးလုပ်ငန်းများအတွက် ရေပေးနေမှုကို ထိခိုက်စေနိုင်ပါသည်။ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းစေမည့် အန္တရာယ်အပြင်၊ တဘက်ချောင်းမှ ရေကိုလွှဲ၍ စက်ရုံအတွက် ရေယူခြင်းကြောင့် ပြည်သူများ၏ နေ့စဉ် ရေအသုံးပြုရန်အတွက် ရေရရှိနိုင်မှု ပမာဏလည်း လျော့နည်းသွားနိုင်ပါသည်။ မြစ်ကြောင်းပြောင်းခြင်း၊ ရေပေးစနစ် တူးမြောင်းများအပေါ် ပြောင်းလဲခြင်းများလည်း ဖြစ်လာနိုင်ပါသည်။

ပင်းပက်တောင်ခြေ အနီးတဝိုက်ရှိ ကျေးရွာလူထုများအနေနှင့် သတ္တုတူးဖော်ထုတ်လုပ်မှုများနှင့် ထရပ်ကားကြီးများ မောင်းနှင်သွားလာနေမှုကြောင့် ဆူညံသံ၊ လေထုညစ် ညမ်းမှုများနှင့် ပို၍ ကြုံတွေ့ ခံစားရဖွယ် ရှိနေပါသည်။ သံရိုင်းပါသည့် မြေများ၊ ဘိလပ်မြေများကိုသယ်ယူရန် ကားများလည်း ဥဒဟို သွားလာ ဖြတ်သန်းနေကြလိမ့်မည် ဖြစ်ပါသည်။ ဒေသခံပြည်သူများ၏ သာယာဝပြောရေးကို မကြည့်ဘဲ၊ (နအဖ) စစ်အစိုးရကို စိတ်ကြိုက်ဆောင်ရွက်ခွင့် ရနေသောကြောင့် ပင်းပက်တောင်အနီး တဝိုက်ရှိ ကျေးရွာ လူထုများမှာ ဤစက်ရုံတွင် သဘာဝဘေးဖြစ်စေသော အညစ်အကြေးများ စနစ်တကျ ထိန်းသိမ်းစွန့်ပစ်စေ သည့် စနစ်ထားမည် မဟုတ်ဟုလည်း ယုံကြည်နေကြသည်။

## သစ်တောများ ပြုန်းတီးခြင်းနှင့် ရေထွက်စနစ်များ ပျက်စီးရခြင်း

အစိုးရသတင်းဌာနများ၏ အဆိုအရ ပင်းပက်သတ္တုတွင်းသည် အပွင့်သတ္တုတွင်း ဖြစ်သည်။ လုပ်သား အချို့က ဘူဒိုဇာဖြင့် ယခင်သတ္တုတွင်းဟောင်း ဥမင်နေရာများရှိ သစ်တောများကို စတင်၍ ရှင်းလင်းနေ ကြပြီ ဖြစ်သည့်အတွက်ကြောင့်၊ ပထမဦးဆုံး အပွင့်သတ္တုတွင်းတူးဖော် မည့်နေရာမှာ ယခုဥမင်နေရာပင် ဖြစ်ဖွယ် ရှိပြီး၊ တူးဖော်ထုတ်လုပ်ရေးအတွက် ပြင်ဆင်နေကြခြင်း ဖြစ်နိုင်ပါသည်။ ယာတောများကို ဖြတ်၍ လမ်းဖောက်ခြင်းများ ပြုနေကြပြီး၊ အချို့စိမ့်တော လျှိုမြောင်များကို မြေဖို့ခြင်း၊ မြေညှိခြင်း ပြုလုပ်နေကြပြီ ဖြစ်ပါသည်။ အကယ်၍ စီမံကိန်းသာ တိုးတက်ဆောင်ရွက်လာမည် ဆိုပါက မြေအများအပြားကို ပို၍ ရှင်းထုတ်မည်ဖြစ်ပြီး၊ သစ်ပင်များလည်း ခုတ်လှဲပစ်မည် မလွဲမသွေ ဖြစ်သည်။ သို့အတွက်ကြောင့် ဟိုပုန်း လွင်ပြင်၏ ရေဝေရေလဲစနစ်ကို ထိခိုက်စေမည် ဖြစ်ပါသည်။

ဒေသခံပြည်သူများက သစ်တောများနှင့် ရေထွက်နေရာများကို စောင့်ရှောက်ထိန်းသိမ်းရန် နတ်ကွန်းများ၊ သို့မဟုတ် ဒေသခံ စကားဖြင့် “လူဟော်” များ ဆောက်လုပ်ကာ တန်ခိုးကြီးသော၊ တန်ဖိုးရှိသော နေရာအဖြစ် ထိန်းသိမ်းခဲ့ကြပါသည်။ သစ်ခုတ်ခြင်း၊ အမဲလိုက်ခြင်း၊ ငါးဖမ်းခြင်း ပြုမည်ဆိုပါက၊ အနည်းဆုံး အဝတ်လျှော်မည်၊ ရေချိုးမည်၊ အမှိုက်ပစ်မည်ဆိုပါက ဤနေရာများတွင် မဆောင်ရွက်စေရန် ရိုးရာအရ တားမြစ်ထားကြပါသည်။

လွန်ခဲ့သည့်နှစ်များက နောင်ကာကယ်ကျေးရွာအနီးရှိ ရွာသားများသည် သူတို့၏ ရေထွက်နေရာများနှင့် သဘာဝပတ်ဝန်းကျင်အတွက် စိုးရိမ်ပူပန်ခဲ့ကြသည့်အလျောက်၊ ရပ်ရွာသစ်တောဒေသကို ထူထောင်ပြီး

သစ်ခုတ်၍ သစ်ထုတ်လုပ်ခြင်း မပြုစေရန် ကာကွယ်ထိန်းသိမ်းခဲ့ကြပါသည်။ သူတို့က နတ်ကွန်းများ ဆောက်လုပ်ခဲ့ကြပြီး၊ အထူးကာကွယ်ထားသည့်နေရာအဖြစ် ပံ့ပိုးလုပ်ဆောင်ခဲ့ကြပါသည်။ စက်ရုံ တည်ဆောက်ရေး လုပ်ငန်းများ စတင်လာပြီးသည့်နောက်တွင် နတ်ကွန်းများသည်လည်း ဖျက်ဆီးခံခဲ့ ကြရပြီး၊ ရပ်ရွာပိုင်သစ်တောလည်း ပြုတ်ပြုတ်ပြုန်းသွားရပါတော့သည်။

*"သူတို့ (စီမံကိန်းအာဏာပိုင်များ) လာတော့ အကုန်လုံး ဖျက်ဆီးပစ်တော့တာပဲ။ သူတို့က နည်းနည်းမှ ကိုယ်ကျင့်တရား မရှိကြဘူး။ သူတို့က ပတ်ဝန်းကျင်အကြောင်း ပြောတယ်။ ဒါပေမယ့် သူတို့ပြောသလို လုပ်တာ မဟုတ်ဘူး။ ရှေးပဒိုင်းလူကြီးတွေက သဘာဝပတ်ဝန်းကျင်တို့ ဘာတို့ စတဲ့ စကားလုံးတွေကို နားလည်ကြတာ မဟုတ်ဘူး။ ဒါပေမယ့် သူတို့က သစ်ပင်တွေ ဝါးပင်တွေ စိုက်တယ်။ စောင့်ရှောက် ထိန်းသိမ်းတယ်။ သူတို့က မြေတွင်းရေထွက်တွေကို ထိန်းပြီး သားကောင်တိရစ္ဆာန်တွေ နားခိုရာနေရာ တွေမှာ ရေမခမ်းသွားအောင်လည်း လုပ်ပေးကြတယ်။ နောင်ကာကယ်ကျေးရွာအနားမှာ ဒေသခံပြည်သူ တွေက တောင်ဘေးမှာ သစ်တောတွေကို ထိန်းသိမ်းထားကြတာ ရှိတယ်။ သစ်ပင်တွေက ကြီးလာပြီ။ တောလည်း ပိုထူလာတယ်။ ဒါပေမယ့် အာဏာပိုင်တွေကလာပြီးတဲ့အခါ အကုန်ဖျက်ဆီးပစ်တော့ တာပဲ။"* ရွာသားတဦးက မကျေမနပ် ပြောသည်။[၈၀]

ဒေသခံပြည်သူများ၏ သာယာဝပြောရေးကို မကြည့်ဘဲ၊ (နအဖ) စစ်အစိုးရကို စိတ်ကြိုက်ဆောင်ရွက်ခွင့် ရနေသောကြောင့် ပင်းပက်တောင်အနီးတဝိုက်ရှိ ကျေးရွာလူထုများမှာ ဤစက်ရုံတွင် သဘာဝဘေး ဖြစ်စေသော အညစ်အကြေးများ စနစ်တကျ ထိန်းသိမ်းစွန့်ပစ်စေသည့် စနစ်ထားမည် မဟုတ်ဟုလည်း ယုံကြည်နေကြသည်။

စက်ရုံအနီးတဝိုက်ရှိ အချို့သော နေရာများမှာ သဘာဝအလျှောက် ရေထွက်ဒေသများ ဖြစ်ကြပြီး၊ မြေအောက်ရေကြောင့် တနှစ်ပတ်လုံး စိုစွတ်စိမ်းစို နေကြပါသည်။ လွန်ခဲ့သည့် မျိုးဆက်များစွာက ဤနေရာသည် ရေကန်ကြီးဖြစ်ခဲ့ဖူးသည်ဟု ဆိုပါသည်။ ယနေ့ကာလတွင် ရေကန်ကြီး ပျောက်ကွယ် သွားပြီ ဖြစ်သော်လည်း ဤနေရာရှိ မြေများမှာ အထူးမြေဆီသြဇာ ကြွယ်ဝ၍ ဟင်းသီးဟင်းရွက်နှင့် သီးနှံများစိုက်ပျိုးရန် လူအများက သဘောကျနှစ်သက်ကြပါသည်။ သံရည်ကြိုစက်ရုံတောင်ဖက်ရှိ ရေထွက်ဒေသမှာ သစ်ပင်များ ခုတ်လှဲခြင်း၊ ကျောက်စွန်းများကို မိုင်းဖြင့် ဖြိုချခြင်းတို့ကြောင့် ယခုအခါ ရေခမ်းခြောက်သွားပြီဟု သိရပါသည်။ တချိန်တည်းမှာပင် တောင်၏ အနောက်မြောက်ဖက်ရှိ ရေထွက်နေရာမှာလည်း ဘူဒိုဇာစက်ကြီးများဖြင့် ထိုးကော်ပစ်ကာ လမ်းဖောက်လုပ်ရေးအတွက်၊ စက်ရုံ ဝန်ထမ်းများ အိမ်ယာအတွက် မြေသားများ ဖို့လိုက်ကြပါသည်။ မိုင်ဟုံင် ကျေးရွာမှ ပုံစင်ကျေးရွာသို့ မြေပေါ်မှ စီးသောရေချောင်းငယ်ကိုလည်း ပိတ်ဆို့၍ ယခုအခါ စက်ရုံအတွက် ရေကို လွှဲပြောင်းပေးပို့နေကြ ပြီ ဖြစ်ပါသည်။

## ရပ်ရွာမှ တင်ပြချက်များကို လျစ်လျူရှုထားခြင်း

မြေယာများကို သိမ်းယူခြင်း၊ အရေးပါသော လမ်းများကို အသုံးမပြုနိုင်တော့ခြင်း၊ နတ်ကွန်းများ ဖျက်ဆီး ခံရခြင်းတို့ကြောင့် ဒေသခံပြည်သူများအတွင်းတွင် အမျက်ဒေါသကြီးစွာ ဖြစ်ပေါ်နေကြပါသည်။ သို့သော်

လည်း အာဏာပိုင်များကို အလွန်အမင်း ကြောက်ရွံ့နေရပြီး၊ ဗမာစကားကို လည်လည်ပတ်ပတ် ပြောဆိုရန် အခက်အခဲရှိသော်လည်း ကျေးရွာလူထုများက သူတို့၏ စိုးရိမ်ပူပန်မှုများ၊ ခံစားချက်များကို ထုတ်ဖော်တင်ပြခဲ့ကြပါသည်။ ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလတွင် ပုံစင်ကျေးရွာမှ ကိုယ်စားလှယ်များက တောင်ကြီးမြို့ရှိ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် **(PNO)** ၏ ရုံး၊ ရဲစခန်း၊ မြို့နယ် (မယက) အုပ်ချုပ်ရေးရုံး၊ ရှမ်းပြည်နယ် ပြည်နယ်အုပ်ချုပ်ရေးရုံးတို့သို့ သွား၍ သူတို့ကို ရွှေ့ပြောင်းရန် စေခိုင်းသည့် အမိန့်များ၊ ကျေးရွာ သုသာန်ကို ရွှေ့ပြောင်းစေသည့် အမိန့်များနှင့် ပတ်သက်၍ စာဒက တက်ခဲ့ကြပါသည်။ သူတို့က အာဏာပိုင်များကို ကြားဝင်ဆောင်ရွက်ပေးရန်နှင့် မြေယာသိမ်းဆည်းနေမှုများ ရပ်ဆိုင်းရန် တောင်းဆိုခဲ့ကြသည်။ မြို့နယ် (မယက) အုပ်ချုပ်ရေးရုံးမှ အရာရှိတဦးက သူတို့ကို ကူညီပေးမည်ဟု ပြောဆိုခဲ့ပါသည်။ သို့သော်လည်း နောက်ပိုင်းတွင် ကျေးရွာလူထုများကို သူတို့သည် အစိုးရပိုင်မြေကို ကျူးကျော်နေထိုင်နေကြကြောင်း၊ သို့အတွက်ကြောင့် ထွက်ပေးရမည်ဖြစ်သည်ဟုသာ ပြောဆိုခဲ့ပြန်သည်။

၂၀၀၈ ခုနှစ်၊ ဧပြီလတွင် ကျေးရွာလူကြီး ၅ ဦးက တောင်ကြီးရှိ မြို့နယ် (မယက) အုပ်ချုပ်ရေးရုံးသို့ စက်ရုံတည်ဆောက်မှုနှင့် စက်ရုံ နံ့ရုံကြောင့် လမ်းများပိတ်ဆို့ခံရခြင်းအကြောင်းကို တင်ပြပြီး၊ လမ်းများ ပြန်ဖွင့်ပေးပါရန် တောင်းဆိုခဲ့ပါသည်။ နောက်ဆုံး ကျေးရွာလူထုများအတွက် ဖြတ်လမ်းတခုကို ဖောက်လုပ်ပေးခဲ့သော်လည်း၊ ကျေးရွာလူထုများမှာ လမ်းအသစ်ထပ်မံ တည်ဆောက်မှုကြောင့် သူတို့၏ လယ်ယာမြေများ ဆုံးရှုံးကြရပြန်သည်။

ကျေးရွာသားတဦးက သူတို့တွေ့ကြုံခံစားနေရသည့် စိတ်ပျက်အားငယ်မှု၊ မကျေနပ်ချက်၊ လက်ရှိ စီမံကိန်းတွင် ပါဝင်ပတ်သက် နေကြသူအားလုံး၏ တာဝန်နှင့် အခြေအနေများ ပိုမိုဆိုးရွားမလာမီ လက်ရှိ စီမံကိန်းများ ရပ်ဆိုင်းပစ်ရန် လိုအပ်ကြောင်း ခြုံငုံ၍ ဝေဖန်ပြောဆိုခဲ့ပါသည်။

"*ကျနော်က စီမံကိန်းက အရာရှိကို ပြောတယ်။ ကျနော်တို့ ရွာသားတွေက စီမံကိန်းကို အနှောင့်အယှက် မပေးပါဘူး။ ကျနော်တို့က သူတို့ကိုတောင် အစားအစာတွေ၊ ဟင်းသီးဟင်းရွက်တွေ စားရအောင် ကူညီပေးသေးတယ်။ ဒါပေမယ့် သူတို့က ဘာဖြစ်လို့ ကျနော်တို့ရွာသားတွေကို ဒုက္ခပေးနေရတာလဲ။ ကျနော်ပြောတယ်။ ခင်ဗျားတို့မှာ သေနတ်လည်း ရှိတယ်။ ဗုံးတွေလည်း ရှိတယ်။ ကျနော်တို့မှာက ဘာလက်နက်မှ မရှိဘူး။ အဲသည်တော့ သူတို့ဖျက်ဆီးသလောက် ကျနော်တို့ခံရဖို့ပဲ ရှိတယ်။ ကျနော်က အဲဒါကို ပြောပြီးတဲ့အခါကျတော့ သူတို့က ကျနော်တို့ကို ပြန်လျော်ကြေး ပေးပါမယ်လို့ ပြောတယ်။ ဒါပေမယ့် အဲသည်လျော်ကြေးဆိုတာ အခုအချိန်တိုင် မမြင်ရသေးဘူး။ အရာရှိက ပြောတာကတော့ 'အကယ်၍ (ကမ္ဘောဇ) ကုမ္ပဏီက ပိုက်ဆံပေးလာတဲ့အခါကျမှသာ လျော်ကြေးငွေ ပြန်ပေးနိုင်မယ်' ပြောတာပဲ။* "[၈၁]

***"အခု စက်ရုံမဆောက်ရသေးတာတောင် အခြေအနေတွေက ဘယ်လောက်အထိ ဆိုးရွားနေပြီ ဆိုတာ ခင်ဗျား မြင်တဲ့အတိုင်းဘဲ။ အကယ်၍ စက်ရုံသာတည်ဆောက်ပြီးပြီ ဆိုပါက ဘယ်လို ဖြစ်မလဲဆိုတာ စဉ်းစားသာ ကြည့်ပေတော့။ ပိုဆိုးလာဖို့ပဲ ရှိပါတော့တယ်။"*** [၈၁]

## နိဂုံးနှင့် အကြံပြုချက်များ

သဘာဝအရင်းအမြစ်များကို ထုတ်လုပ်သုံးစွဲခြင်းဖြင့် ဒေသခံပြည်သူများကို အကျိုးဖြစ်ထွန်းစေရမည့် အစား ပင်းပက်တောင် အနီးတဝိုက်တွင် နေထိုင်ကြသော ပြည်သူများသည် အဓမ္မပြောင်းရွှေ့နေရာချထားခံရခြင်း၊ မြေယာများ သိမ်းဆည်းခံကြရခြင်း၊ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ ဆုံးရှုံးရခြင်း၊ ခရီးသွားလာခွင့်များ ကန့်သတ်ခံရခြင်း၊ လောင်စာနှင့် အစားအစာများ မဖူလုံဖြစ်လာခြင်း၊ ယဉ်ကျေးမှုဆိုင်ရာကိစ္စများ ပျက်စီးဆုံးရှုံးခြင်းများ ကြုံတွေ့နေရပါသည်။ အကယ်၍ ယခုစီမံကိန်းကိုသာ ရှေ့တိုးဆောင်ရွက်မည်ဆိုပါက တောင်၏ သဘာဝပတ်ဝန်းကျင် သိသိသာသာ ပြောင်းလဲပျက်စီးရမည်ဖြစ်ပြီး၊ မြေဆီလွှာတိုက်စားခြင်း၊ မြေပြိုကျခြင်း၊ ရေထွက်များ ညစ်ညမ်းရခြင်း၊ လေထု ညစ်ညမ်းရခြင်းများကို ဒေသခံပြည်သူများ ကြုံတွေ့ခံစား ကြရမည် ဖြစ်သည်။ ပင်းပက်တောင်ကို အခြေပြု၍ ဘဝရှင်သန်ရပ်တည်နေကြရသော ပြည်သူများ၏ ဘဝများသည်လည်း ဖျက်ဆီးခံကြရတော့မည် ဖြစ်ပါသည်။

သို့သော်လည်း ကံကောင်းထောက်မစွာပင် ယခု စီမံကိန်းကို ရပ်ဆိုင်းပစ်ရန်၊ ပင်းပက်တောင်နှင့် ဒေသလူထုများကို ကယ်တင်ရန် အချိန်ရှိနေပါသေးသည်။ သို့အတွက်ကြောင့် ပအိုဝ်းလူငယ်အစည်းအရုံး အနေနှင့် အောက်ဖော်ပြပါ အကြံပြုချက်များကို တင်ပြလိုပါသည်။

### ဒေသခံ ပြည်သူများသို့

- ရပ်ရွာလူထုအဖွဲ့အစည်းများအတွက် အကျိုးယုတ်စေနိုင်သော မူဝါဒများနှင့် လုပ်ငန်းအကောင်အထည်ဖော်မှုများကို ညီညွတ်စွာ ဆန့်ကျင်ကြရန် လိုအပ်ပါသည်။ မိမိတို့၏ စိုးရိမ်ပူပန်မှုများကို မြို့နယ်၊ ပြည်နယ်၊ ဗဟိုအစိုးရ အာဏာပိုင်များထံသို့ ဆက်သွယ်တင်ပြရန် လိုအပ်ပါသည်။
- မြေယာများ၊ ဥယျာဉ်ခြံများကို လွှဲပြောင်းပေးအပ်သည့် စာချုပ်စာတန်းများကို သင့်လျော်သော လျော်ကြေး မရရှိဘဲ၊ စာသားများ၊ အကြောင်းအရာများအပေါ် သေချာ ရှင်းလင်းနားလည်ခြင်း မရှိဘဲ လက်မှတ်ရေးထိုးပေးခြင်း မပြုကြရန် တိုက်တွန်းပါသည်။

### နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့ သို့

- ဒေသခံပြည်သူများကို အဓမ္မနေရာ ရွှေ့ပြောင်းရန် စေခိုင်းခြင်း၊ မြေနှင့် လယ်ယာများကို အဓမ္မသိမ်းပိုက်ခြင်း မူဝါဒကျင့်သုံးနေသည့်အပေါ် ရပ်ဆိုင်းပါရန်။
- ဒေသခံပြည်သူများ၏ ရိုးရာအရ တည်ရှိလာသော မြေယာပိုင်ဆိုင်ခွင့် အခွင့်အရေးနှင့် ဓလေ့ထုံးတမ်းများကို လေးစားလိုက်နာ အသိအမှတ်ပြုပါရန်။

- လက်ရှိအကောင်အထည်ဖော်နေသော လုပ်ငန်းများကို ရပ်ဆိုင်းသင့်ပါသည်။ ဒေသခံပြည်သူများ ပါဝင်ဆောင်ရွက်ခွင့်ရှိပြီး သင့်လျော်မျှတစွာနှင့် အပြည့်အဝ တိုင်ပင်အကြံဉာဏ်ရယူပြီးမှသာ၊ သဘာဝပတ်ဝန်းကျင် ပျက်စီးစေနိုင်မှုနှင့် လူမှုရေးဆိုင်ရာ ဆိုးကျိုးသက်ရောက်နိုင်မှုများအပေါ် စနစ်တကျနှင့် အပြည့်အဝ အကဲဖြတ်စစ်ဆေးပြီးမှသာ လုပ်ငန်းများကို ပြန်လည်စတင် လုပ်ကိုင်သင့်ပါသည်။ လက်နက်များနှင့် ခြိမ်းခြောက်မှု မပါဝင်ဘဲ လုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်ရန်လည်း အာမခံချက်ပေးသင့်ပါသည်။
- အဓမ္မ နေရာရွှေ့ပြောင်းခံကြရသူများ၊ မြေယာသိမ်းဆည်းခံထားကြရသူများ၊ ပိုင်ဆိုင်မှု ပစ္စည်းဥစ္စာ ဆုံးရှုံးပျက်စီးကြရသူများကို လုံလောက်သော လျော်ကြေးများ ပေးဆောင်ရန် လိုအပ်ပါသည်။
- ယူရေနီယံ သတ္တုတူးဖော်မည်ဆိုပါက၊ အဏုမြူ အစီအစဉ်များ ဆောင်ရွက်မည်ဆိုပါက ပြည်သူများထံသို့ အစီအစဉ်များ အားလုံးကို ဖွင့်ဟ အသိပေးသင့်ပါသည်။

## ဒေသဆိုင်ရာနှင့် နိုင်ငံတကာ ပြည်သူများသို့

- နိုင်ငံတကာနှင့် ဒေသဆိုင်ရာရှိ အစိုးရမဟုတ်သော အဖွဲ့အစည်း (အဲန်ဂျီအို) များက ဒေသခံပြည်သူများ၏ အခြေအနေကို ဆက်လက် စောင့်ကြည့် စစ်ဆေးသင့်ပါသည်။ ပင်းပက် စီမံကိန်းများနှင့် ပတ်သက်၍ ပတ်ဝန်းကျင် ထိခိုက်မှုဆိုင်ရာနှင့် လူမှုရေးဆိုးကျိုးများဆိုင်ရာ အကဲဖြတ်ချက်များ လုပ်ဆောင်ရန် (နအဖ) စစ်အစိုးရအပေါ် ဖိအားများပေး၍ ဆောင်ရွက်သင့်ပါသည်။
- အရှေ့တောင်အာရှ နိုင်ငံများအသင်း (အာဆီယံ)၊ အိမ်နီးချင်းနိုင်ငံများနှင့် နိုင်ငံတကာအစိုးရ အဖွဲ့အစည်းများသည် သူတို့၏ အခန်းကဏ္ဍ၊ အာဏာကို အသုံးပြု၍ မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးများ လေးစားလိုက်နာ လာစေရန်၊ ဌာနေတိုင်းရင်းသား ပြည်သူများ၏ အခွင့်အရေးများ လေးစားလိုက်နာလာစေရန် ဖိအားပေးသင့်ပါသည်။
- နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီ (အိုင်အေအီးအေ) အနေနှင့် (နအဖ) စစ်အစိုးရ၏ ယူရေနီယံ တူးဖော်ထုတ်လုပ်ရန် ကြိုးပမ်းနေမှုများနှင့် အဏုမြူ ဓါတ်ပေါင်းဖို ဆောက်လုပ်ရန် ပြင်ဆင်ကြိုးပမ်းနေမှုများကို အနီးကပ်စောင့်ကြည့် လေ့လာနေသင့်ပါသည်။

## ရုရှားနိုင်ငံ အစိုးရထံသို့

- ရုရှားနိုင်ငံ၏ အစိုးရပိုင် ကုမ္ပဏီများနှင့် ရုရှားရင်းနှီးမြှုပ်နှံမှုများက ဒေသခံပြည်သူများအတွက် လူအခွင့်အရေး ချိုးဖောက်ခံရခြင်းများကိစ္စတွင် အလိုတူအလိုပါ မဖြစ်ပေါ်စေရန်အတွက် စည်းကြပ်ဆောင်ရွက်ပေးပါရန်။

**သက်ဆိုင်ပတ်သက်နေကြသော ကုမ္ပဏီများသို့**

- မိမိတို့အနေနှင့် တိုက်တွန်းလိုသည်မှာ ပင်းပက်စီမံကိန်းတွင် ပါဝင်ပတ်သက်နေကြသည့် ကုမ္ပဏီများအားလုံး အသေးစိတ် သတင်းအချက်အလက်များကို ပြည်သူလူထုထံသို့ ချက်ချင်း ထုတ်ဖော်တင်ပြရန် လိုအပ်ပါသည်။
- ဖြစ်ပေါ်လာသော လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ပတ်သက်၍ တာဝန်ရှိကြောင်း ကုမ္ပဏီများက အသိအမှတ် ပြုသင့်ပါသည်။ နစ်နာရသူ ကာယကံရှင်များကို အပြည့်အဝ လျော်ကြေးပေးခြင်း ပြုရန် လိုအပ်ပြီး၊ နောက်ထပ် အလားတူ လူ့အခွင့်အရေးချိုးဖောက်မှုများ မဖြစ်စေရပါဟု သေချာကြပ်မတ်ရန်လည်း လိုအပ်ပါသည်။
- ကုမ္ပဏီများက လက်ရှိအကောင်အထည်ဖော်နေသော လုပ်ငန်းများကို ရပ်ဆိုင်းသင့်ပါသည်။ ဒေသခံပြည်သူများ ပါဝင်ဆောင်ရွက်ခွင့်ရှိပြီး သင့်လျော်မျှတစွာနှင့် အပြည့်အဝ တိုင်ပင်အကြံဉာဏ်ရယူပြီးမှသာ၊ သဘာဝပတ်ဝန်းကျင် ပျက်စီးစေနိုင်မှုနှင့် လူမှုရေးဆိုင်ရာ ဆိုးကျိုးသက်ရောက်နိုင်မှုများအပေါ် စနစ်တကျနှင့် အပြည့်အဝအကဲဖြတ် စစ်ဆေးပြီးမှသာ လုပ်ငန်းများကို ပြန်လည်စတင် လုပ်ကိုင်သင့်ပါသည်။

## ကျမ်းကိုး

[၁] စစ်အစိုးရက နိုင်ငံ၏ အင်္ဂလိပ်အမည်ကို တရားမဝင် (Burma) မှ (Myanmar) ဟု ၁၉၈၉ ခုနှစ်တွင် ပြောင်းလဲ ခေါ်ဝေါ်သုံးနှုန်းခဲ့ပါသည်။ ဤသို့ သုံးနှုန်းခေါ်ဝေါ်မှုကို မြန်မာစစ်အစိုးရကို ဆန့်ကျင်တိုက်ပွဲဝင်နေသည့် အင်အားစုများက အသိအမှတ် မပြုခဲ့ကြပါ။

[၂] ကုလသမဂ္ဂက မြန်မာနိုင်ငံကို "ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံ" တခု အဖြစ် သတ်မှတ်ခဲ့ပါသည်။ http://www.un.org/special-rep/ohrlls/ldc/ldc%20criteria.htm.

[၃] မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေ အစီရင်ခံစာ။
Situation of Human Rights in Myanmar: Report of the Special Rapporteur, Paulo Sergio Pinheiro (December 2004).

[၄] မြေကမ္ဘာအခွင့်အရေး ဆိုင်ရာ နိုင်ငံတကာအဖွဲ့ Earthrights International (ERI) မှ ထုတ်ဝေသည့် "စွမ်းအင်အတွက် ပေးဆပ်လိုက်ရသည့် လူများ၏ တန်ဖိုး"၊ "သယံဇာတ အမွေများက မျက်ရည်ဖြစ်ကြရခြင်း" စသည့် အစီရင်ခံစာများ၊ ရခိုင် ရေနံတူးဖော်ရေး စောင့်ကြည့်လေ့လာရေး အဖွဲ့ Arakan Oil Watch (AOW) ၏ "လွတ်လပ်မှုကို တားမြစ်ပိတ်ဆို့ခြင်း"၊ ကချင် ဖွံ့ဖြိုးရေးကွန်ရက်အဖွဲ့ (Kachin Development Networking Group) ၏ "အမှောင်လွှမ်းသောလွင်ပြင်" အစီရင်ခံစာများကို သာ"က အဖြစ်ကြည့်ပါ။ www.earthrights.org/burma, www.arakanoilwatch.org, and www.burmariversnetwork.org.

[၅] "Asean assails Myanmar crackdown," International Herald Tribune (28 Sep. 2007); "Human Rights Council Strongly Deplores Continued Violent Repression of Peaceful Demonstrations in Myanmar," United Nations Press Release (2 Oct. 2007).

[၆] "Myanmar Seizes UN Food for Cyclone Victims and Blocks Foreign Experts," New York Times (10 May 2008); "UN says much of Myanmar cyclone aid is lost," The Guardian (25 Jul 2008).

[၇] *See* http://www.mrtv3.net.mm/open2/010407for.html (Accessed April 13, 2009)

[၈] မြန်မာဘာသာဖြင့် ထုတ်ဝေသော စာအုပ်။ *Pa-O Among The Union [Burma*], Pa-O Literature Press (2007), in Burmese.

[၉] ပအိုဝ်းလူမျိုးများအကြောင်းနှင့် ပတ်သက်၍ ပိုမိုသိရှိရန် အောက်ပါစာအုပ်များကို ဖတ်ရှုစေလိုပါသည်။ *see* Russ Christensen & Sann Kyaw, *The Pa-O: Rebels and Refugees*, Silkworm Books (2006); *Pa-O Among the Union [Burma*], Pa-O Literature Press (2007), in Burmese.

[၁၀] "Burmese Soldiers Torture Civilians in Shan State", The Irrawaddy (May 22, 2009).

[၁၁] "Burma Update: Russians eye cast iron plant for Shan State," Mines and Communities (March 6, 2006).

[၁၂] *See* www.myanmar.gov.mm/Perspective/persp/1995/9-95/mya.htm (Accessed October 15, 2008); see also http://shanrelieffoundation.org/modules/tinyd3/index.php?id=4 (Accessed October 15, 2008); "Work continues on gas pipeline," Myanmar Times (October 15-21, 2007); "Burma Update: Russian eye cast iron plant for Shan State," Mines and Communities (March 6, 2006); "Myanmar to extract iron ore on commercial scale," Xinhua (May2, 1997).

[၁၃] "Myanmar to extract iron ore on commercial scale," Xinhua (May 2, 1997).

[၁၄] ပအိုဝ်းလူငယ်အစည်းအရုံး၏ တွေ့ဆုံမေးမြန်းခြင်း အမှတ် (၄)။

[၁၅] ပအိုဝ်းလူငယ်အစည်းအရုံး၏ တွေ့ဆုံမေးမြန်းခြင်း အမှတ် (၄)။

[၁၆] ပအိုဝ်းလူငယ်အစည်းအရုံး၏ တွေ့ဆုံမေးမြန်းခြင်း အမှတ် (၅)။ (စက၁–၃) မှ သိမ်းယူထားသော မြေများ၏ မြေပုံကို ပအိုဝ်းလူငယ်အစည်းအရုံးက မှတ်တမ်းအဖြစ် သိမ်းဆည်းထားပါသည်။

[၁၇] "Status of the surface water pollution due to iron ore tailing pond effluent in India," Dr M K Ghose

and P K Sen, Transactions of the Indian Institute of Metals, Volume 53, No 4-5, (August-October 2000).

[၁၈] "Burma Update: Russians eye cast iron plant for Shan State," Mines and Communities (March 6, 2006), "Russian business presence becoming stronger in Burma," Mizzima (December 10, 2008).

[၁၉] "Russian business presence becoming stronger in Burma," Mizzima (December 10, 2008).

[၂၀] "Mineral Boiler for Pinpet Mining Factory Project Arrived in Taunggyi," Weekly Eleven News Journal (January 28, 2009).

[၂၁] ပအိုဝ်းလူငယ်အစည်းအရုံး၏ တွေ့ဆုံမေးမြန်းခြင်း အမှတ် (၁)။

[၂၂] ပအိုဝ်းလူငယ်အစည်းအရုံး၏ တွေ့ဆုံမေးမြန်းခြင်း အမှတ် (၁၁)။

[၂၃] "Work continues on gas pipeline," Myanmar Times (October 15-21, 2007).

[၂၄] "Thai and Russian companies make new grabs in Burma," Mines and Communities (December 30, 2008).

[၂၅] "Russian business presence becoming stronger in Burma," Mizzima (December 10, 2008).

[၂၆] "Russian-Myanmar relations growing stronger," Myanmar Times (February 13-19, 2006).

[၂၇] ပအိုဝ်းလူငယ်အစည်းအရုံး၏ တွေ့ဆုံမေးမြန်းခြင်း အမှတ် (၉) နှင့် (၃)။

[၂၈] "Burma Update: Russians eye cast iron plant for Shan State," Mines and Communities (March 6, 2006).

[၂၉] "The cement factory is built in Taunggyi," Snap Shot News Journal (March 7, 2009), translated from original Burmese by PYO.

[၃၀] *Ibid.*

[၃၁] *Ibid.;* "General Than Shwe and Cement Factory," Khit Pyaing News (March 3, 2009), translated from the original Burmese by PYO.

[၃၂] *See* www.myanmar.gov.mm/Perspective/persp/1995/9-95/mya.htm (Accessed October 15, 2008) "Analysis of Burma's nuclear program," Dictator Watch (January 2007).

[၃၃] PYO estimate using Google Earth software.

[၃၄] ပအိုဝ်းလူငယ်အစည်းအရုံး၏ တွေ့ဆုံမေးမြန်းခြင်း အမှတ် (၃) နှင့် (၉)၊ (၁၆) နှင့် (၁၇)။

[၃၅] ပအိုဝ်းလူငယ်အစည်းအရုံး၏ တွေ့ဆုံမေးမြန်းခြင်း အမှတ် (၃)။

[၃၆] ပအိုဝ်းလူငယ်အစည်းအရုံး၏ တွေ့ဆုံမေးမြန်းခြင်း အမှတ် (၃)။

[၃၇] "Russia says to build nuclear reactor in Myanmar" Reuters (May 15, 2007), Russia to build atomic plant for Burmese junta," The Guardian (May 17, 2007).

[၃၈] ပအိုဝ်းလူငယ်အစည်းအရုံး၏ တွေ့ဆုံမေးမြန်းခြင်း အမှတ် (၃)။

[၃၉] ပအိုဝ်းလူငယ်အစည်းအရုံး၏ တွေ့ဆုံမေးမြန်းခြင်း အမှတ် (၈)။

[၄၀] "Russian-Myanmar relations growing stronger," Myanmar Times (February 13-19, 2006).

[၄၁] http://enc.ex.ru/cgi-bin/n1firm.pl?lang=2&f=995

[၄၂] ပအိုဝ်းလူငယ်အစည်းအရုံး၏ တွေ့ဆုံမေးမြန်းခြင်း အမှတ် (၂၀)။

[၄၃] Andrew Selth. 2002. Burma's Armed Forces: Power Without Glory. Norwalk: EastBridge, p.147, http://www.burmacampaign.org.uk/aboutburma/economy.html#5, http://www.altsean.org/Key%20Issues/KeyIssuesEconomy.htm

[၄၄] "US Treasury imposes new sanctions on Burma firms," Reuters (July 29, 2008)

[၄၅] See http://www.kyawtha.com

[၄၆] http://snapshot-news.commodules.php? name=News&file= article&sid= 15643
[၄၇] *See* http://www.kbzbank.com/aboutkbz.html (Accessed on April 10, 2009)
[၄၈] *See* http://www.irrawaddy.org/article.php?art_id=2128 ("Above It All" by Maung Maung Oo, February, 2001- Volume 9 No 2) (Accessed on April 13, 2009)
[၄၉] *See* http://www.kbzbank.com/investments.html (Assessed on April 10, 2009)
[၅၀] Bureau of Mines Minerals Yearbook Area Reports: International 1978-1979", Kinney, Gordon (1979).
[၅၁] ပအိုဝ်းလူငယ်အစည်းအရုံး၏ တွေ့ဆုံမေးမြန်းခြင်း အမှတ် (၅)။
[၅၂] ပအိုဝ်းလူငယ်အစည်းအရုံး၏ တွေ့ဆုံမေးမြန်းခြင်း အမှတ် (၁၃)။
[၅၃] ပအိုဝ်းလူငယ်အစည်းအရုံး၏ တွေ့ဆုံမေးမြန်းခြင်း အမှတ် (၁)၊ (၂)၊ (၃)၊ (၅)၊ (၆) နှင့် (၇)။
[၅၄] ပအိုဝ်းလူငယ်အစည်းအရုံး၏ တွေ့ဆုံမေးမြန်းခြင်း အမှတ် (၂)၊ (၃)၊ (၆) နှင့် (၇)။
[၅၅] ပအိုဝ်းလူငယ်အစည်းအရုံး၏ တွေ့ဆုံမေးမြန်းခြင်း အမှတ် (၃)၊
[56] ပအိုဝ်းလူငယ်အစည်းအရုံး၏ တွေ့ဆုံမေးမြန်းခြင်း အမှတ် (၆)၊
[၅၇] ပအိုဝ်းလူငယ်အစည်းအရုံး၏ တွေ့ဆုံမေးမြန်းခြင်း အမှတ် (၃)၊
[၅၈] ပအို့ဝ်လူငယ်အဖွဲ့မှ ရရှိခဲ့သော စက်ရုံစီမံကိန်း အစီအစဉ် မှတ်တမ်းအရ။
[၅၉] ပအိုဝ်းလူငယ်အစည်းအရုံး၏ တွေ့ဆုံမေးမြန်းခြင်း အမှတ် (၈)၊
[၆၀] ပအိုဝ်းလူငယ်အစည်းအရုံး၏ တွေ့ဆုံမေးမြန်းခြင်း အမှတ် (၁၃)၊
[၆၁] ပအိုဝ်းလူငယ်အစည်းအရုံး၏ တွေ့ဆုံမေးမြန်းခြင်း အမှတ် (၁၈)၊
[၆၂] ပအိုဝ်းလူငယ်အစည်းအရုံး၏ တွေ့ဆုံမေးမြန်းခြင်း အမှတ် (၈)၊
[၆၃] ပအိုဝ်းလူငယ်အစည်းအရုံး၏ တွေ့ဆုံမေးမြန်းခြင်း အမှတ် (၅)၊
[၆၄] ပအိုဝ်းလူငယ်အစည်းအရုံး၏ တွေ့ဆုံမေးမြန်းခြင်း အမှတ် (၈)၊
[၆၅] ပအိုဝ်းလူငယ်အစည်းအရုံး၏ တွေ့ဆုံမေးမြန်းခြင်း အမှတ် (၂၃)၊
[၆၆] ပအိုဝ်းလူငယ်အစည်းအရုံး၏ တွေ့ဆုံမေးမြန်းခြင်း အမှတ် (၂)၊
[၆၇] ပအိုဝ်းလူငယ်အစည်းအရုံး၏ တွေ့ဆုံမေးမြန်းခြင်း အမှတ် (၁၃)၊
[၆၈] ပအိုဝ်းလူငယ်အစည်းအရုံး၏ တွေ့ဆုံမေးမြန်းခြင်း အမှတ် (၁၂)၊
[၆၉] ပအိုဝ်းလူငယ်အစည်းအရုံး၏ တွေ့ဆုံမေးမြန်းခြင်း အမှတ် (၁၂)၊
[၇၀] ပအိုဝ်းလူငယ်အစည်းအရုံး၏ တွေ့ဆုံမေးမြန်းခြင်း အမှတ် (၁၂)၊
[၇၁] ပအိုဝ်းလူငယ်အစည်းအရုံး၏ တွေ့ဆုံမေးမြန်းခြင်း အမှတ် (၇)၊
[၇၂] *Valley of Darkness*, Kachin Development Networking Group (2007).
[၇၃] ပအိုဝ်းလူငယ်အစည်းအရုံး၏ တွေ့ဆုံမေးမြန်းခြင်း အမှတ် (၂)၊ (၁၀)။
[၇၄] ပအိုဝ်းလူငယ်အစည်းအရုံး၏ တွေ့ဆုံမေးမြန်းခြင်း အမှတ် (၂)၊
[၇၅] ပအိုဝ်းလူငယ်အစည်းအရုံး၏ တွေ့ဆုံမေးမြန်းခြင်း အမှတ် (၉)၊ (၁၀)၊ (၁၁)၊ (၁၂)။
[၇၆] ပအိုဝ်းလူငယ်အစည်းအရုံး၏ တွေ့ဆုံမေးမြန်းခြင်း အမှတ် (၁၀)၊
[၇၇] "Iron Ore And Taconite Mine Reclamation And Revegetation Practices On The Mesabi Range In Northeastern Minnesota," David A. Felleson (1999).
[၇၈] "Blood Jade: Burmese Gemstones and the Beijing Games," All Kachin Students and Youth Union and 8-8-08 for Burma (August 2008).
[၇၉] Ibid.
[၈၀] ပအိုဝ်းလူငယ်အစည်းအရုံး၏ တွေ့ဆုံမေးမြန်းခြင်း အမှတ် (၈)၊
[၈၁] ပအိုဝ်းလူငယ်အစည်းအရုံး၏ တွေ့ဆုံမေးမြန်းခြင်း အမှတ် (၁၂)၊

## နောက်ဆက်တွဲ (၁)

ပင်းပက်တောင် အနီးတွင် နေထိုင်သည့် လူဦးရေစာရင်း

| စဉ် | ကျေးရွာအမည် | မိသားစု | လူဦးရေ |
|---|---|---|---|
| ၁ | ပင်ငို | ၂၀၆ | ၆၂၉ |
| ၂ | မှဲင်းဟဲုင် | ၉၀ | ၃၃၉ |
| ၃ | စူမှဲင့် | ၄၈ | ၂၂၃ |
| ၄ | ဟမ်းခရောက် | ၃၆ | ၁၇၂ |
| ၅ | ပုံးစင် | ၂၉ | ၁၀၅ |
| ၆ | ဖရော့ငတ်ဆူး | ၂၃ | ၁၆၅ |
| ၇ | ထီအုန်းစိမ်း | ၁၇ | ၈၃ |
| ၈ | နောင်ကာကယ် | ၅၀ | ၂၅၅ |
| ၉ | ကွန်ကျောင် | ၄၀ | ၂၁၇ |
| ၁၀ | အောင်မွူး | ၄၉ | ၂၉၈ |
| ၁၁ | လိုင်းငေါက် | ၆၀ | ၂၅၂ |
| ၁၂ | နောင်ချို | ၂၅ | ၁၉၂ |
| ၁၃ | သာယာကွုန် | ၅၅ | ၂၈၈ |
| ၁၄ | ဖောင်တော်ဆွိုက် | ၈၅ | ၄၅၀ |
| ၁၅ | တွန်းတီ | ၂၀၀ | ၇၅၀ |
| ၁၆ | နမ်းကွိုန် | ၁၀၀ | ၄၅၀ |
| ၁၇ | လုံးတန် | ၅၀ | ၂၀၀ |
| ၁၈ | တထာတန် | ၇၀ | ၃၀၀ |
| ၁၉ | နောင်ပါပွုမ်း | ၅၀ | ၂၀၀ |
| ၂၀ | ပုလဲတင့် | ၅၀ | ၂၅၀ |
| ၂၁ | နောင်ကော် | ၅၀ | ၂၃၀ |
| ၂၂ | လွယ်တန်း | ၁၅၀ | ၆၅၀ |
| ၂၃ | ထမ်းထျာ | ၂၀ | ၉၄ |
| ၂၄ | ဖလွိုင် | ၄၀ | ၁၉၅ |
| ၂၅ | ဟမ်းနျား | ၉ | ၄၃ |
| | | | |
| | **စုစုပေါင်း** | ၁၆၀၂ | ၇၀၃၀ |

## နောက်ဆက်တွဲ (၂)

အစမ္မရွှေ့ပြောင်းခံရသည့် မိသားစုများစရင်း

| စဉ် | အမည် | အသက် | မိသားစုဝင် | ကျေးရွာအမည် | ရွှေ့ပြောင်းရက်စွဲ |
|---|---|---|---|---|---|
| ၁ | မူးမို့ုးငဲ | ၅၀ | ၅ | နောင်ကာကယ် | ၂၀၀၆ ဇန်နဝါရီ |
| ၂ | ဖြားလိုး | ၆၀ | ၃ | နောင်ကာကယ် | ၂၀၀၆ ဇန်နဝါရီ |
| ၃ | ဝင်းမောင် | ၃၅ | ၃ | နောင်ကာကယ် | ၂၀၀၆ ဇန်နဝါရီ |
| ၄ | တလှ | ၃၅ | ၃ | နောင်ကာကယ် | ၂၀၀၆ ဇန်နဝါရီ |
| ၅ | တဦး | ၄၀ | ၅ | နောင်ကာကယ် | ၂၀၀၆ ဇန်နဝါရီ |
| ၆ | တခူး | ၄၅ | ၂ | နောင်ကာကယ် | ၂၀၀၆ ဇန်နဝါရီ |
| ၇ | တချောင် | ၄၅ | ၃ | နောင်ကာကယ် | ၂၀၀၆ ဇန်နဝါရီ |
| ၈ | နန်းစောဝ် | ၄၀ | ၅ | နောင်ကာကယ် | ၂၀၀၆ ဇန်နဝါရီ |
| ၉ | တဘဲး | ၄၀ | ၂ | နောင်ကာကယ် | ၂၀၀၆ ဇန်နဝါရီ |
| ၁၀ | မူးဖါတိ | ၄၀ | ၃ | ကမ်ကော် | ၂၀၀၆ ဇန်နဝါရီ |
| ၁၁ | ဖိုးခိုင် | ၃၅ | ၃ | ကမ်ကော် | ၂၀၀၆ ဇန်နဝါရီ |
| ၁၂ | လုတ်မို့ုးယွှုန်း | ၃၅ | ၃ | ကမ်ကော် | ၂၀၀၆ ဇန်နဝါရီ |
| ၁၃ | ဆြာဥတ္တရ | ၆၀ | ၄ | ကမ်ကော် | ၂၀၀၆ ဇန်နဝါရီ |
| ၁၄ | တလွှာ | ၄၀ | ၄ | ကမ်ကော် | ၂၀၀၆ ဇန်နဝါရီ |
| ၁၅ | လှမောင် | ၄၆ | ၄ | ပုံးစင် | ၂၀၀၈ မတ် |
| ၁၆ | အောင်နု | ၄၈ | ၃ | ပုံးစင် | ၂၀၀၈ မတ် |
| | | | | | |
| | **စုစုပေါင်း** | | ၅၅ | ၃ ရွာ | |

## နောက်ဆက်တွဲ (၃)

သိမ်းဆည်းခံရသော မြေများစရင်း

| ကျေးရွာအမည် | ခြံပိုင်ရှင်ဦးရေ | သိမ်းယူသည့် ခုနှစ် | သိမ်းယူသူ |
|---|---|---|---|
| ပင်ငို | ၉ | ၂၀၀၄ ၊ ၂၀၀၈ | ပင်းပက်သံစက်ရုံ |
| မုံင်းဟုံင် | ၁၂ | ၂၀၀၄ | ပင်းပက်သံစက်ရုံ |
| ပုံးစင် | ၁၁ | ၂၀၀၄ ၊ ၂၀၀၈ | ပင်းပက်သံစက်ရုံ |
| နောင်ကာကယ် | ၁၁ | ၂၀၀၄ ၊ ၂၀၀၆၊ ၂၀၀၈ | ပင်းပက်သံစက်ရုံ |
| ဖောင်တော်ဆွိုက် | ၅၀ | ၂၀၀၇ ၊ ၂၀၀၈ | ပင်းပက်ဘိလပ်မြေစက်ရုံ |
| နောင်ချို | ၇ | ၂၀၀၈ | ပင်းပက်ဘိလပ်မြေစက်ရုံ |
| ထီအုန်းစိမ်း | ၁၇ | ၂၀၀၄ | ပင်းပက်သံစက်ရုံ |
| တောင်ကြီး | ၁ | ၂၀၀၈ | ပင်းပက်သံစက်ရုံ |
| မုံင်းတောင် | ၄၀ | ၁၉၉၃ ၊ ၂၀၀၄ | ၂၁၂ ဆက်သွယ်ရေးတပ် |
| စူမုံင့် | ၁ | ၂၀၀၄ | ပင်းပက်သံစက်ရုံ |
| ညိုးရဲဦ | ၄ | ၂၀၀၈ | ပင်းပက်ဘိလပ်မြေစက်ရုံ |
| လိုင်းဝေါက် | ၄ | ၂၀၀၈ | ပင်းပက်ဘိလပ်မြေစက်ရုံ |
| | | | |
| ၁၂ ရွာ | ၁၆၄ | | |